ဖက်ဒရယ်ပညာပေးစာစဉ်

အမှတ် ( ၅ )

# ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း

# Self-Rule and Shared-rule
# &
# Bottom-up Federalism

## (Theory & Practice)

ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာနမှ ထုတ်ဝေသည်။

# အယ်ဒီတာအဖွဲ့

ဆလိုင်းလျန်မှုန်း
ကိုကျော်စွာ
ကိုအေရှုန်
ဂရေ့စ်
ကြေးသား

## ပုံနှိပ်မှတ်တမ်း

၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း - ၂၀၂၆၊ ဖေဖော်ဝါရီ
၂။ ပြည်နည်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး - ၂၀၂၆၊ ဖေဖော်ဝါရီ
(Bottom-up Federalism)

**အမျိုးသားညီညွတ်ရေးအစိုးရ၊ ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန၏ ပေါ်လစီစာတမ်းမဟုတ်ပါ။ ဖက်ဒရယ်ပညာပေးစာစဉ်သာဖြစ်သည်။**

မာတိကာ

## အပိုင်း (၁)

၁။ ဖက်ဒရယ်စနစ်အတွင်း

ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း .................. ၅

(သီအိုရီဆိုင်ရာမူဘောင်လေ့လာမှုများနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာအကြံပြုချက်များ)

## အပိုင်း (၂)

၂။ ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေးချဉ်းကပ်မှုဖြင့်

ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ........................................ ၃၅

**(Bottom-up Federalism)**

အပိုင်း (၁)

# ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း

# ဖက်ဒရယ်စနစ်အတွင်း
# ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း
### သီအိုရီဆိုင်ရာ မူဘောင်လေ့လာမှုများနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာအကြံပြုချက်များ


**အနှစ်ချုပ် (Abstract)**

ဤဆောင်းပါးသည် ဖက်ဒရယ်သီအိုရီအတွင်း အခြေခံအင်္ဂါရပ်များဖြစ်သော ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self-Rule) နှင့် အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း (Shared Rule) တို့ကို အယူအဆဆိုင်ရာမူဘောင်အဖြစ် သုံးသပ်ကာ ဖက်ဒရယ်သီအိုရီများ၏ မတူညီသောအမြင်ရှုထောင့်များကိုလေ့လာထားသည်။ ထို့အပြင် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ဒီဇိုင်းရေးဆွဲရာတွင် Self-Rule နှင့် Shared Rule ကို မည်သို့အချိုးကျ ညီညွတ်စွာ ထည့်သွင်းသင့်သည်ကို သီအိုရီနှင့် လက်တွေ့အမြင်များမှ အကြံပြုတင်ပြထားသည်။


## အယူအဆဆိုင်ရာ မူဘောင်

### ဖက်ဒရယ်စနစ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self-Rule) နှင့် အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း (Shared Rule)

ဖက်ဒရယ်သီအိုရီများအရ ဖက်ဒရယ်စနစ် (Federalism) သည် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များ၏ နယ် မြေဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့် (territorial autonomy) နှင့် ဖက်ဒရယ်စနစ်အရ ဖွဲ့စည်းထားသော မတူညီသော အစိုးရအဆင့်များအကြား ပူးပေါင်းဆောင်ရွက်မှု (intergovernmental cooperation) ကို ပေါင်းစည်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာခွဲဝေကျင့်သုံးနိုင်ရန် စီမံထားသော နိုင်ငံရေးစနစ်တရပ်အဖြစ် နားလည်ကြသည်။ ဖက်ဒရယ်လေ့လာမှုနယ်ပယ်တွင် ထင်ရှားသည့် နိုင်ငံရေးသိပ္ပံပညာရှင် Daniel J. Elazar (1987) က ဖက်ဒရယ်စနစ်ကို **"ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် အတူတကွပူးပေါင်းအုပ်ချုပ်ခြင်းကို ပေါင်းစည်းခြင်း"** ဟူ၍ အခိုင်အမာဖွင့်ဆိုခဲ့သည်။ ဤအတိုင်းအတာနှစ်ရပ်အား ခွဲခြားသုံးသပ်နိုင်သော်လည်း အဖွဲ့အစည်းဆိုင်ရာအနေအထားအရ အပြန်အလှန်ဆက်စပ်နေကြပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self-rule) ဆိုသည်မှာ **ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များ**[1] (States, Provinces, Länders, Cantons စသည်ဖြင့်) ကဲ့သို့သော နိုင်ငံရေးအသိုက်အဝန်း

များ (Polity) အား မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စများကို ကိုယ်တိုင်စီမံအုပ်ချုပ်နိုင်ရန် လွတ်လပ်စွာ သီးခြားကျင့်သုံးနိုင်သည့် နိုင်နင်းစွာ လုပ်နိုင်စွမ်းရှိသော လုပ်ပိုင်ခွင့်အာဏာများ (Exclusive power/competency) အား ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များအားလုံး၏ စိတ်တူသဘောတူညီမှုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံကာ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာကို ရည်ညွှန်းသည်။

အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း (Shared rule) ဆိုသည်မှာ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များ (States, Provinces, Länders, Cantons စသည်ဖြင့်) ကဲ့သို့သော နိုင်ငံရေးအသိုက်အဝန်းများ (Polity) သည် ပြည်ထောင်စုတဝှမ်းလုံးဆိုင်ရာအရေးကိစ္စများကို စီမံအုပ်ချုပ်ရာတွင် ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အရေး၊ အထူးသဖြင့် ပြည်ထောင်စုတဝှမ်းလုံးအဆင့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင်ခွင့်ရှိခြင်းကိုဆိုလိုသည်။ ထိုသို့ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုတဝှမ်းလုံး လွှမ်းခြုံသက်ရောက်မည့် ပြည်ထောင်စုအဆင့်တွင်သာ နိုင်နင်းစွာလုပ်နိုင်စွမ်းရှိမည်ဖြစ်သော လုပ်ပိုင်ခွင့်အာဏာများ (Exclusive power/ competency) အား ပြည်ထောင်စုအဆင့်တွင် လွတ်လပ်စွာ သီးခြားကျင့်သုံးနိုင်စေရန် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များအားလုံး၏ စိတ်တူသဘောတူညီမှု ပါဝင်ဆောင်ရွက်မှုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံကာ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာကို ရည်ညွှန်းသည်။

ဖက်ဒရယ်စနစ်တရပ် အလုပ်ဖြစ်စေရန်အတွက် ဤလုပ်နိုင်စွမ်းပေါ် မူတည်ခွဲဝေကျင့်သုံးထားသည့် လုပ်ပိုင်ခွင့်အာဏာ နှစ်ရပ်အကြား မျှတမှုရှိရန် လိုအပ်သည်။ အာဏာတရပ်ရပ်ကို သိသိသာသာအလေးပေးပြီး အခြားတရပ်ကို လျော့နည်းစေပါက နိုင်ငံများ ကွဲထွက်ခြင်း (fragmentation) သို့မဟုတ် အလွန်အမင်းဗဟိုချုပ်ကိုင်ခြင်း (over-centralization) များဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များ ရှိလာနိုင်ပါသည်။

---

1. ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များ ဟု သုံးရာတွင် ပုံမှန်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ (Member States of Union) ကို ရည်ညွှန်းသည်။ လက်ရှိအချိန်တွင် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များ၏အမည်နာမကို တိကျစွာ သတ်မှတ်နိုင်ခြင်းမရှိသေးပါ။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (FDC) တွင် ပြည်နယ်/ဖက်ဒရယ်ယူနစ်ဟု သုံးထားသည်။ သို့ရာတွင် ဤဆောင်းပါး၌ (States, Provinces, Länders, Cantons) စသည်တို့ကို လွှမ်းခြုံ၍ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်ဟု သုံးခြင်းဖြစ်သည်။

## နိုင်ငံရေးသီအိုရီပညာရှင်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self-Rule) နှင့် အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း (Shared Rule) ဆိုင်ရာသီအိုရီများ

### ၁။ ရှေးရိုး–စံတန်ဖိုးအခြေပြုနိုင်ငံရေးသီအိုရီ (Classical–Normative Political Theory)

### Johannes Althusius (၁၅၆၃ – ၁၆၃၈)

Johannes Althusius သည် ဥရောပနိုင်ငံရေးအတွေးအခေါ်သမိုင်းအတွင်း ဖက်ဒရယ်စနစ်ကို စနစ်တကျ အယူအဆသဘောတရား တည်ဆောက်ခဲ့သူအဖြစ် အလွန်အရေးပါသော နိုင်ငံရေးသဘောတရားပညာရှင်တဦးဖြစ်သည်။ သူ၏ အဓိကစာအုပ်ဖြစ်သော Politica Methodice Digesta (၁၆၀၃) တွင် နိုင်ငံရေးကို အာဏာအလယ်ဗဟိုကိုအခြေပြုစနစ်အဖြစ်မဟုတ်ဘဲ လူမှုအသိုင်းအဝိုင်းများ၏ ပူးပေါင်းဆောင်ရွက်မှုအဖြစ် နားလည်ဖော်ပြထားသည်။

Althusius အမြင်အရ နိုင်ငံရေးဆိုသည်မှာ လူတဦးချင်းစီနှင့် လူမှုအသိုင်းအဝိုင်းများကို အဆင်ပြေမှု၊ အသုံးဝင်မှုနှင့် ပျော်ရွှင်မှုရှိသော လူမှုဘဝတရပ်ကို ရရှိစေရန် ပူးပေါင်းစုဖွဲ့စည်းခြင်းပညာ (Politics as the Art of Association) ဖြစ်သည်။

ဤအပြန်အလှန်အကျိုးရှိသော ပူးပေါင်းဖွဲ့စည်းမှုကို Consociatio (Symbiotic Association) ဟု ခေါ် ဆိုပြီး လူတဦးချင်းစီနှင့် လူမှုအသိုင်းအဝိုင်းများကို အဆင်ပြေပြေနေထိုင်နိုင်ခြင်း၊ အသုံးဝင်ခြင်းနှင့် ပျော်ရွှင်သောလူမှုဘဝတရပ်ကို ရရှိစေရန် ပူးပေါင်းဖွဲ့စည်းခြင်းဖြစ်သည်။ သူက ဤလုပ်ငန်းစဉ်ကို "Symbiotics" ဟု ခေါ်ဆိုခဲ့ပြီး၊ ထိုသို့ ပူးပေါင်းဖွဲ့စည်းခြင်းသည် သဘောတူညီချက်အဖြစ် ရေးသားချုပ်ဆိုထားခြင်း သို့မဟုတ် ဖော်ပြရန်မလိုသည့် အပြန်အလှန်နားလည်မှုဖြင့် သဘောတူထားကြခြင်း (explicit or tacit covenant) အပေါ် အခြေခံ၍ ပြည်သူ့အကျိုးပြုဝန်ဆောင်မှုများနှင့် အခွင့်အရေးများကို အပြန်အလှန်ဆက်သွယ်မျှဝေခြင်းဖြစ်သည်ဟု ယူဆသည်။

Althusius ၏ သီအိုရီအရ လူ့အဖွဲ့အစည်းသည် အောက်ခြေအဆင့်မှအပေါ်သို့ အလွှာလိုက်အဆင့်ဆင့် တည်ဆောက်ထားသောလူမှုဖွဲ့စည်းပုံ (Bottom-Up, Layered Community Structure) ဖြစ်သည်။ အခြေခံအကျဆုံးနှင့် သဘာဝအရ ဖြစ်ပေါ်လာသော လူမှုဖွဲ့စည်းပုံဖြစ်သည့် မိသားစုမှစတင်ပြီး၊ အသက်မွေးဝမ်းကျောင်းစီးပွားဆိုင်ရာ အစည်းအရုံး

အသင်းအဖွဲ့များ (guilds)၊ ဒေသခံလူမှုအသိုက်အဝန်းများ၊ နိုင်ငံရေးအသိုက်အဝန်းများကို ဖြတ်သန်းကာ နောက်ဆုံးတွင် အများပြည်သူမှ ပေါင်းစည်းထားသော နိုင်ငံတော် သို့မဟုတ် အုပ်ချုပ်ရေးအသိုက်အဝန်း (universal commonwealth or realm) သို့ တိုးတက်လာသည်ဟု ရှုမြင်သည်။

Althusius အမြင်အရ အချုပ်အခြာအာဏာသည် တဦးတည်းသော အုပ်ချုပ်သူထံတွင် တည်ရှိနေခြင်း မဟုတ်ဘဲ၊ စုစည်းဖွဲ့စည်းထားသော ပြည်သူလူထုတရပ်လုံးထံတွင်သာ အဆုံးစွန်တည်ရှိသည်။ အာဏာသည် အစိုးရအဆင့်အမျိုးမျိုးအကြား မျှဝေထားပြီး၊ အထက်အဆင့်အာဏာပိုင်အဖွဲ့အစည်းများ၏ အာဏာသည် အခြေခံလူမှုအသိုင်းအဝိုင်းများ၏သဘောတူညီချက်မှ ဆင်းသက်လာခြင်းဖြစ်သည်။ ထိုသဘောတူညီချက်များသည် လူမှုပဋိညာဉ်များ (သို့မဟုတ်) သဘောတူစာချုပ်များ (covenants) အဖြစ် အဆင့်ဆင့်ချုပ်ဆိုထားကြသည်။ နောက်ပိုင်း ဖက်ဒရယ်စနစ်တွင် ပြောဆိုလာသော Shared Sovereignty (မျှဝေအချုပ်အခြာအာဏာ) အယူအဆ၏ အခြေခံဖြစ်သည်။

Althusius ၏ သီအိုရီတွင်—

**ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self-Rule)**

လူမှုအသိုင်းအဝိုင်းအသီးသီးသည် ကိုယ်ပိုင်ကိစ္စရပ်များကို ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိရမည်။ မိသားစု၊ အသင်းအဖွဲ့ (guild)၊ မြို့၊ နယ်မြေ စသည့် သဘာဝလူမှုအသိုက်အဝန်းများအပေါ် အခြေခံထားသည်။ လူမှုအသိုက်အဂန်းတစ်ခုချင်းစီသည် ကိုယ်ပိုင်အတွင်းရေးရာများကို ကိုယ်တိုင်အုပ်ချုပ်နိုင်သည့် မူလ အာဏာကို ပိုင်ဆိုင်ထားကြသည်။

အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း (Shared Rule)

အများပြည်သူအကျိုးအတွက် ပိုမိုကျယ်ပြန့်သည့် လွှမ်းခြုံအဆင့်များတွင် ပူးပေါင်းဆုံးဖြတ်ခြင်းကို သဘောတူစာချုပ်များဖြင့် ဆောင်ရွက်ရမည်။ လူမှုအသိုင်းအဝိုင်းများ၊ နိုင်ငံရေးအသိုက်အဝန်းများ (Polity) အကြား သဘောတူညီမှုဖြင့်ချုပ်ဆိုသည့် Covenant (Foedus) မှတဆင့် အထက်အဆင့် အာဏာပိုင်အဖွဲ့အစည်းများတွင် ပူးပေါင်း၍အတူတကွအုပ်ချုပ်ခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံကဲ့သို့သော သဘောတူညီချက်ကိုရည်ညွှန်းခြင်းဖြစ်သည်။

ဤအမြင်များသည် နောက်ပိုင်း ဖက်ဒရယ်လေ့လာမှုနယ်ပယ်တွင်ကျော်ကြားလှသော နိုင်ငံရေးသိပ္ပံပညာရှင် Daniel J. Elazar ၏ “Self-rule + shared rule” သတ်မှတ်ချက်၏ အခြေခံအုတ်မြစ်ဖြစ်သည်။

Althusius ၏ သီအိုရီသည် အာဏာကိုအလယ်ဗဟိုတွင်စုစည်းခြင်းမဟုတ်ဘဲ ဖြန့်ဝေထားသောစနစ်ကို ထောက်ခံသည်။ ထိုစနစ်အရ လူမှုယူနစ်များ၊ နိုင်ငံရေးအသိုက်အဝန်းများသည် ကျန်ရှိသည့်ကြွင်းကျန်အာဏာများ (residual powers) နှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ထိန်းသိမ်းထားရမည်ဖြစ်ပြီး၊ အားလုံးလွှမ်းခြုံအဆင့်အာဏာပိုင်များသည် အများပြည်သူအကျိုးအတွက် လိုအပ်သည့်အခါမှသာ ဝင်ရောက်ဆောင်ရွက်ရမည် ဖြစ်သည်။ ဤနည်းလမ်းသည် စုံလင်ကွဲပြားသောလူမှုအလွှာစုံလွှမ်းခြုံမှု (pluralism) ကို အလေးပေးပြီး၊ အခြေခံသဘောတူစာချုပ်ကိုချိုးဖောက်သည့် အာဏာရှင်အုပ်စိုးမှုကို ဆန့်ကျင်တော်လှန်နိုင်သည့် နည်းလမ်းတရပ်ကိုလည်း ပံ့ပိုးပေးသည် ဟု Althusius က ရှုမြင်ခဲ့သည်။ အဓိကအယူအဆ အဖြစ်အချုပ်အခြာအာဏာသည် တခုတည်းသော အလယ်ဗဟိုအာဏာအဖြစ် မစုစည်းဘဲ အဆင့်လိုက်မျှဝေထားခြင်းဖြစ်သည်။ ဖက်ဒရယ်စနစ်ကို အပြန်အလှန် ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် ပူးပေါင်းဆုံးဖြတ်ခြင်းကို အခြေခံသောကျင့်ဝတ်အခြေပြုနိုင်ငံရေးစနစ် အဖြစ်ရှုမြင်သည်။

## Montesquieu (၁၆၈၉–၁၇၅၅)

Montesquieu သည် ပြင်သစ်နိုင်ငံရေးအတွေးအခေါ်ပညာရှင်တဦးဖြစ်ပြီး လွတ်လပ်ခွင့်အခြေခံဖက်ဒရယ်သီအိုရီ၏ အရေးပါသော အယူအဆပညာရှင်ဖြစ်သည်။ သူ၏ အဓိကစာအုပ်ဖြစ်သော The Spirit of the Laws (De l'esprit des lois, ၁၇၄၈) တွင် နိုင်ငံရေးအာဏာဖွဲ့စည်းပုံများကို လွတ်လပ်ခွင့် (liberty) ကို ထိန်းသိမ်းနိုင်စေရန် မည်သို့ဒီဇိုင်းပြုလုပ်ရမည်ကို နက်နဲစွာ လေ့လာခဲ့သည်။

Montesquieu ၏ ဖက်ဒရယ်အမြင်တွင် "Confederated Republic" (ပူးပေါင်းထားသော ပြည်ထောင်စုသမ္မတနိုင်ငံ) အယူအဆကို ဖော်ထုတ်ထားသည်။ သူ၏အမြင်အရ ပြည်သူနှင့် နီးစပ်မှုရှိပြီး လူထုပါဝင်မှုမြင့်မားစွာဖြင့် လွတ်လပ်ခွင့်ကို ကောင်းစွာထိန်းသိမ်းနိုင်သော နိုင်ငံရေးအသိုက်အဝန်းများ (Polity) သည် စိတ်တူသဘောတူစွာဖြင့် အတူတကွ ပူးပေါင်းကာ စစ်ရေးနှင့် လုံခြုံရေးအားသာချက်များ၊ စီးပွားရေးအင်အားခိုင်မာမှုများကို ရယူနိုင်မည့် ပူးပေါင်းထားသောပြည်ထောင်စုသမ္မတနိုင်ငံအဖြစ် တည်ဆောက်ခြင်းဖြစ်သည်။ Confederated Republic သည် နိုင်ငံရေးအသိုက်အဝန်းများ၏ လွတ်လပ်မှုနှင့် သာယာဝပြောမှုကို ပူးပေါင်းထားသော ပြည်ထောင်စုသမ္မတနိုင်ငံ၏လွှမ်းခြုံအင်အားနှင့် လုံခြုံရေးနှင့် ပေါင်းစည်းပေးနိုင်သည့်စနစ်ဖြစ်သည်။

Montesquieu အမြင်အရ နိုင်ငံရေးအသိုက်အဝန်းများ သို့မဟုတ် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိရမည်။ ပြည်သူများသည် အုပ်ချုပ်ရေးနှင့် နီးစပ်နေခြင်းကြောင့် နိုင်ငံရေးပါဝင်မှု မြင့်မားလာပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်သည် လွတ်လပ်ခွင့်ကို

ကာကွယ်ပေးသော အခြေခံအချက်ဖြစ်သည်။ Self-rule မရှိလျှင် အာဏာသည် အလယ်ဗဟိုသို့ စုစည်းလာပြီး အာဏာရှင်စနစ် ဖြစ်ပေါ်နိုင်သည်။

Montesquieu အတွက် နိုင်ငံရေးအသိုက်အဝန်းငယ်များသည် စစ်ရေး၊ ကာကွယ်ရေး၊ နိုင်ငံတကာရေးရာများအတွက် အတူတကွပူးပေါင်းအုပ်ချုပ်ရမည်။ အတူတကွပူးပေါင်းအုပ်ချုပ်ခြင်းသည် နိုင်ငံရေးအသိုက်အဝန်းများကို ပြင်ပအန္တရာယ်များမှ ကာကွယ်ပေးသည်။ Shared rule သည် တည်တံ့မှုနှင့် ရှင်သန်နိုင်မှုအတွက် လိုအပ်သောအချက် ဖြစ်သည်။ Shared rule မရှိလျှင် နိုင်ငံရေးအသိုက်အဝန်းငယ်များသည် အလွယ်တကူချိုးဖျက်ခံရနိုင်သည်။

Montesquieu ၏ နိုင်ငံရေးသီအိုရီတွင် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာများအား ပိုင်းခြားကျင့်သုံးရေးသည် အဓိကကျသည်။ ဖက်ဒရယ်စနစ်သည် ဤအာဏာပိုင်းခြားကျင့်သုံးမှုကို ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်နယ်မြေအလိုက် (territorially) ထပ်မံခွဲဝေကျင့်သုံးသည့်စနစ်ဖြစ်သည်။ အာဏာကို နိုင်ငံရေးအသိုက်အဝန်းအလိုက်၊ ဒေသအလိုက်ခွဲဝေကျင့်သုံးခြင်းသည် အာဏာရှင်စနစ်ကို တားဆီးနိုင်သည်။ Montesquieu အမြင်အရ ဖက်ဒရယ်စနစ်သည် နိုင်ငံရေးအသိုက်အဝန်းများ၏ လွတ်လပ်ခွင့်ကို ထိန်းသိမ်းနိုင်သည်၊ အာဏာရှင်စနစ်ကို တားဆီးနိုင်သည်၊ နိုင်ငံရေးအသိုက်အဝန်းများ၏ သာယာဝပြောမှုကို ကာကွယ်နိုင်သည်၊ အပြင်ပအန္တရာယ်များကို ပူးပေါင်းကာကွယ်နိုင်သည်။

Montesquieu သည် ဖက်ဒရယ်စနစ်ကို လွတ်လပ်ခွင့်ထိန်းသိမ်းရေးစနစ်အဖြစ် ရှုမြင်သည်။ နောက်ပိုင်း အမေရိကန်ဖက်ဒရယ်စနစ် (Madison, Hamilton တို့ကဲ့သို့ အမေရိကန်ဖက်ဒရယ်ဗိသုကာများအပေါ်) အပေါ်ကြီးမားသည့်သက်ရောက်မှုရှိခဲ့သည်။ ဖက်ဒရယ်စနစ်ကို လက်တွေ့နိုင်ငံရေးအန္တရာယ်များအား ဖြေရှင်းနိုင်သော ဒီဇိုင်းအဖြစ်နားလည်ခဲ့သူဖြစ်သည်။ Montesquieu ၏ ဖက်ဒရယ်သီအိုရီသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self-Rule) နှင့် အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း (Shared Rule) ကို လွတ်လပ်ခွင့်ထိန်းသိမ်းရေးအတွက် မျှတစွာ ပေါင်းစပ်ထားသောသီအိုရီဖြစ်သည်။ အာဏာကိုဖြန့်ဝေထားခြင်းသည် လွတ်လပ်ခွင့်ကို ကာကွယ်ပေးပြီး ပူးပေါင်းခြင်းသည် အားနည်းချက်များကို အကာအကွယ်ရစေသည်။ ဖက်ဒရယ်စနစ်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ပြည်ထောင်စုညီညွတ်မှုအကြား လွတ်လပ်ခွင့်ကို ထိန်းသိမ်းသည့် ချိန်ညှိမှုစနစ်အဖြစ် သူကမြင်သည်။ ယနေ့ခေတ် ဖက်ဒရယ်နိုင်ငံများ၏ဒီဇိုင်းအတွေးအခေါ်အခြေခံအဖြစ် အရေးပါနေဆဲ ဖြစ်ပါသည်။

## ၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ–ဥပဒေဆိုင်ရာ သီအိုရီများ (Constitutional–Legal Theorists)

### James Madison (၁၇၅၁–၁၈၃၆)

James Madison သည် The Federalist Papers ၏ အရေးပါဆုံးသဘောတရားရေးဆရာများထဲမှ တဦးဖြစ်ပြီး အမေရိကန်ဖက်ဒရယ်စနစ်၏ အခြေခံအယူအဆကို လေးနက်စွာ ဖော်ထုတ်ခဲ့သူဖြစ်သည်။ အခြေခံဥပဒေအခြေပြုဖက်ဒရယ်စနစ် (Constitutional Federalism) ကို တည်ထောင်သူခဲ့သူလည်းဖြစ်သည်။ James Madison ကို "ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်၏ ဖခင်" ဟု ခေါ်ကြသည်။ သူ၏ ဖက်ဒရယ်သီအိုရီကို The Federalist Papers များ အထူးသဖြင့် Federalist No. 10, No. 39, No. 51 တို့တွင် အဓိကအားဖြင့် တွေ့မြင်နိုင်သည်။

Madison အတွက် ဖက်ဒရယ်စနစ်သည် "a compound republic" (ပေါင်းစည်းထားသော သမ္မတနိုင်ငံ) ဖြစ်သည်။ ၎င်း၏ အဓိကလက္ခဏာမှာ အာဏာကို အလျားလိုက် (horizontal) - ဥပဒေပြု၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဒေါင်လိုက် (vertical) - ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ် (ပြည်နယ်) အစိုးရဟူ၍ နှစ်မျိုးခွဲခြားထားခြင်း ဖြစ်သည်။ ဤပုံစံသည် အာဏာ တနေရာတည်း စုစည်းသွားခြင်းကို တားဆီးရန် ရည်ရွယ်သည်။

Madison အမြင်အရ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အာမခံထားသောကိုယ်ပိုင်အာဏာများရှိရမည်။ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အစိုးရများသည် ပြည်သူနှင့် အနီးစပ်ဆုံးသော နိုင်ငံရေးအဖွဲ့အစည်းများဖြစ်သည်။ ပြည်သူများသည် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ် (ပြည်နယ်) နှင့် ပြည်ထောင်စုအစိုးရနှစ်ခုလုံးအောက်တွင် နေထိုင်ကြသည်။ Madison က ဤသဘောတရားကို "Double government" (နှစ်ထပ်ကွမ်းအစိုးရ) ဟု ဖော်ပြခဲ့သည်။ Self-rule သည် ပြည်ထောင်စုအဖွဲ့ဝင် ယူနစ်များ၏လိုအပ်ချက်များနှင့် လွတ်လပ်ခွင့်ကို ကာကွယ်ပေးသည်။

Madison ၏ ဖက်ဒရယ်သီအိုရီတွင် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ် (ပြည်နယ်) များသည် ပြည်ထောင်စုအဆင့်တွင်လည်း ပါဝင်ရမည်။ အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း (Shared rule) ၏ အဓိကနည်းလမ်းများအဖြစ် အောက်လွှတ်တော် (House of Representatives) – ပြည်သူကိုကိုယ်စားပြုနှင့် အထက်လွှတ်တော် (Senate) – ပြည်နယ်များကိုကိုယ်စားပြုပေါင်းစပ်ထားသည့် ပြည်ထောင်စုတဝှမ်းလုံးဆိုင်ရာဥပဒေပြုအာဏာ ကျင့်သုံးသည့်လွှတ်တော် (Congress) မှတဆင့် ယူနစ်(ပြည်နယ်) သည် ပြည်ထောင်စုတဝှမ်းလုံးဆိုင်ရာ ဆုံးဖြတ်ချက်များတွင် တိုက်ရိုက်ပါဝင်နိုင်သည်။

ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို လုပ်ဆောင်ရာတွင် ပြင်ဆင်ချက်များကို ပြည်ထောင်စုအဖွဲ့ဝင်ယူနစ် (ပြည်နယ်) အများစု၏ အတည်ပြုချက်မရှိဘဲ မပြုလုပ်နိုင်ပါ။ ပြည်ထောင်စုအစိုးရသည် ယူနစ် (ပြည်နယ်) များ၏ ဆန္ဒမပါဘဲ အာဏာတိုးချဲ့၍ မရနိုင်ပါ။

Federalist No. 10 တွင် Madison က Faction (အကျိုးစီးပွားအခြေပြုဂိုဏ်းဂဏအုပ်စုများ) ကို ဒီမိုကရေစီအတွက် အန္တရာယ်အကြီးဆုံးဟု သတ်မှတ်ခဲ့သည်။ ဖက်ဒရယ်စနစ်၊ အာဏာစက်လွှမ်းခြုံနယ်ပယ် ကျယ်ဝန်းသောသမ္မတနိုင်ငံ (extended republic)၊ အာဏာခွဲဝေကျင့်သုံးရေးစနစ်များအားဖြင့် အုပ်စုတခုတည်းက နိုင်ငံရေးအာဏာကို ထိန်းချုပ်နိုင်ရန် ခက်ခဲစေမည်ဟု သူက ရှုမြင်သည်။

Madison ၏ အရေးပါဆုံးအယူအဆတစ်ခုမှာ (ပြည်သူများ၏ အခွင့်အရေးများ လုံခြုံရန်အတွက် နှစ်ထပ်ကွမ်းကာကွယ်ထားရေး) “Double security arises to the rights of the people.” ဟူသော သဘောတရားဖြစ်သည်။ (Federalist No. 51) ။ Madison ၏ အမြင်အရ လွတ်လပ်ခွင့်ကို ကာကွယ်ပေးသည့် နည်းလမ်းနှစ်ခုမှာ— (၁) အာဏာကို ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ် (ပြည်နယ်) အဆင့်အလိုက် ခွဲခြားထားခြင်း (၂) အာဏာခွဲဝေကျင့်သုံးလျက်ရှိသော နိုင်ငံရေးအဖွဲ့အစည်းအချင်းချင်း အပြန်အလှန်ထိန်းကျောင်းနိုင်ခြင်း (checks and balances) တို့ဖြစ်သည်။ ဤနှစ်ထပ်ကွမ်းကာကွယ်ထားမှုသည် အာဏာရှင်စနစ်ဖြစ်ပေါ်နိုင်ခြေကို အလွန်လျော့နည်းစေသည်။

Madison သည် ဖက်ဒရယ်စနစ်ကို လွတ်လပ်ခွင့်ကာကွယ်ရေးစနစ်ဒီဇိုင်းအဖြစ် ရှုမြင်သူဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် အတူတကွပူးပေါင်းအုပ်ချုပ်ခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း တည်ဆောက်သူဖြစ်သည်။ ယနေ့ခေတ် ဖက်ဒရယ်ဒီမိုကရေစီစနစ်များ၏ အခြေခံမော်ဒယ်ကို ဖန်တီးသူဖြစ်သည်။ James Madison ၏ ဖက်ဒရယ်သီအိုရီသည် Self-Rule ” ပြည်နယ်များ၏ ကိုယ်ပိုင်အာဏာ၊ Shared Rule ” ပြည်ထောင်စုအဆင့်ဆုံးဖြတ်ချက်များတွင်ပါဝင်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအခြေခံဖြင့် မျှတစွာ ပေါင်းစပ်ထားသော သီအိုရီဖြစ်သည်။ သူ၏ အဓိကသဘောတရားမှာ လွတ်လပ်ခွင့်ကို ထိန်းသိမ်းရန်၊ အာဏာကို ခွဲခြားရုံသာမက အာဏာကို အချင်းချင်း အပြန်အလှန် ထိန်းကျောင်းနိုင်ရမည် ဟူသော အယူအဆဖြစ်ပါသည်။ အဓိကအယူအဆမှာ အချုပ်အခြာအာဏာကို ခွဲဝေထားခြင်းမှတဆင့် လွတ်လပ်ခွင့်အတွက် “နှစ်ထပ်ကွမ်းလုံခြုံမှု (double security)” ကို ရရှိစေသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် အတူတကွ အုပ်ချုပ်ခွင့်ကို အာဏာရှင်စနစ်ကို တားဆီးသည့် အဖွဲ့အစည်းဆိုင်ရာ ထိန်းညှိမှုများအဖြစ် ရှုမြင်သည်။

## Kenneth Clinton Wheare (၁၉၀၇–၁၉၇၉) ၏ ဖက်ဒရယ်သီအိုရီ

K. C. Wheare (၁၉၀၇–၁၉၇၉) သည် ဖက်ဒရယ်စနစ်ကို ဥပဒေရေးရာနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဗဟို ပြုသီအိုရီ အဖြစ်ရှင်းပြသော ပညာရှင်တဦးဖြစ်သည်။ ၎င်းအမြင်အရ ဖက်ဒရယ်စနစ်ဆိုသည်မှာ ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အစိုးရများသည် မိမိတို့အာဏာပိုင်နက်အတွင်း အပြည့်အဝအမြင့်ဆုံးအာဏာ (supreme) ရှိနေသောစနစ်ဖြစ်ရမည်။ ဤသဘောတရားအရ ဖက်ဒရယ်စနစ်ကို နိုင်ငံရေးဖြစ်စဉ်တရပ် သို့မဟုတ် လူမှုအခြေအနေတရပ်မဟုတ်ဘဲ ဥပဒေရေးရာဖွဲ့စည်းပုံဆိုင်ရာစနစ်တရပ်အဖြစ် အဓိကထားရှုမြင်သည်။

Wheare ၏ ဖက်ဒရယ်စနစ်ဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်မှာ—ဖက်ဒရယ်စနစ်ဆိုသည်မှာ ပြည်ထောင်စုတဝှမ်းလုံး လွှမ်းခြုံအစိုးရနှင့် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အစိုးရများသည် မိမိတို့၏ သီးခြားအာဏာပိုင်နက်အတွင်း တန်းတူညီမျှ၍ လွတ်လပ်စွာ အာဏာကျင့်သုံးနိုင်အောင် အာဏာခွဲဝေထားသည့်စနစ်ဖြစ်သည်။ ("Federal government is a method of dividing powers so that the general and regional governments are each, within a sphere, co-ordinate and independent.")

Wheare ၏ သီအိုရီအရ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အစိုးရများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသော သီးသန့်အာဏာများကို လွတ်လပ်စွာ အသုံးချနိုင်ရမည်။ ပြည်ထောင်စုအစိုးရသည် ထိုအာဏာများကို မထိခိုက်စေရ။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်သည် နိုင်ငံရေးဆွေးနွေးညှိနှိုင်း သဘောတူထားမှုမျိုးမဟုတ်ဘဲ ဥပဒေရေးရာအာမခံချက် ဖြစ်ရမည်။ ထို့ကြောင့် Wheare အတွက် Self-rule ဆိုသည်မှာ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အစိုးရ၏ ဥပဒေရေးရာအမြင့်ဆုံးအာဏာကို ဆိုလိုသည်။

Wheare သည် Shared Rule ကိုအခြားသီအိုရီများကဲ့သို့ အထူးအလေးပေးမထားပါ။ ပြည်နယ်များ၏ ပြည်ထောင်စုအဆင့်တွင် ပါဝင်မှု (ဥပမာ – အထက်လွှတ်တော်၊ ဖွဲ့စည်းပုံပြင်ဆင်မှု) ထက် အဓိကပိုအရေးကြီးသောအချက်မှာ အာဏာခွဲဝေမှုကို တင်းကျပ်စွာပြဋ္ဌာန်းထားခြင်းဖြစ်သည်ဟု မြင်သည်။ ထို့ကြောင့် Wheare သီအိုရီတွင် Shared Rule သည် ကန့်သတ်ထားသော ဖွဲ့စည်းပုံဆိုင်ရာအယူအဆတခုသာ ဖြစ်သည်။

Wheare ၏အမြင်အရ ဖက်ဒရယ်စနစ်၏ အဓိကအခြေခံချက်များမှာ ရေးသားထားသောဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များ၏ အာဏာကို တင်းကျပ်စွာခွဲဝေထားခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ပေးသောတရားရုံး (Constitutional Court/ Supreme Court) ဖြစ်သည်။

ပညာရှင်များက အစိုးရချင်းအကြား ပူးပေါင်းဆောင်ရွက်မှု (intergovernmental relations) ကို လှစ်လျူရှုထားခြင်း၊ လက်တွေ့နိုင်ငံများတွင် အာဏာများသည် အမြဲတမ်း တင်းကျပ်စွာ ခွဲထားရန် အလွန်ခက်ခဲခြင်း၊ နိုင်ငံရေးအင်အား ချိန်ခွင်လျှာ၊ ယဉ်ကျေးမှု၊ လူမှုရေး အခြေအနေများကို ထည့်သွင်းစဉ်းစားထားမှု အားနည်းခြင်းစသည်တို့ကြောင့် Wheare ၏ သီအိုရီကိုဝေဖန်ကြသည်။ ဝေဖန်ချက်များရှိသော်လည်း Wheare ၏ သီအိုရီသည် ဖက်ဒရယ် စနစ်၏ အခြေခံဥပဒေအခြေပြု ရှေးရိုးမိုဒယ် (classical constitutional model) အဖြစ် အရေးပါနေဆဲဖြစ်သည်။ ဖက်ဒရယ်ဖွဲ့စည်းပုံရေးဆွဲရာတွင် အာဏာခွဲဝေမှု၏ ဥပဒေရေးရာ အခြေခံကိုနားလည်ရန် အရေးကြီးသောသီအိုရီ ဖြစ်သည်။

K. C. Wheare အမြင်အရ ဖက်ဒရယ်စနစ်ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ဥပဒေရေးရာ အမြင့်ဆုံးအာဏာဖြင့် အာမခံထားသောစနစ်၊ အတူတကွပူးပေါင်းအုပ်ချုပ်ခွင့် ကို ကန့်သတ်ထားသော ဖွဲ့စည်းပုံဆိုင်ရာစနစ်ဖြစ်ပြီး၊ ၎င်းသည် ဖက်ဒရယ်စနစ်ကို နိုင်ငံရေး ဖြစ်စဉ်တစ်ရပ်မဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အခြေခံသည့် အစိုးရပုံစံတရပ်အဖြစ် သတ်မှတ်ထားသော သီအိုရီဖြစ်သည်။

## ၃။ လူမှုဗေဒနှင့် စုံလင်ကွဲပြားသောလူမှုအလွှာစုံလွှမ်းခြုံမှုသီအိုရီများ (Sociological and Pluralist Perspectives)

### William S. Livingston ၏ လူမှုဗေဒအခြေပြု ဖက်ဒရယ်သီအိုရီ

William S. Livingston (၁၉၂၀–၂၀၁၃) သည် ဖက်ဒရယ်စနစ်ကို ဥပဒေရေးရာ ဖွဲ့စည်းပုံတရပ်အဖြစ်သာမမြင်ဘဲ၊ လူမှုဗေဒအခြေအနေ (sociological condition) အဖြစ် အဓိကထားလေ့လာခဲ့သော ပညာရှင်ဖြစ်သည်။ Livingston ၏ အဓိကယူဆချက်မှာ ဖက် ဒရယ်စနစ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေက ဖန်တီးပေးသောအရာမဟုတ်ဘဲ၊ လူမှုအဖွဲ့အစည်း၏ မတူကွဲပြားမှုများမှ သဘာဝအတိုင်းပေါ် ပေါက်လာသောစနစ်ဖြစ်သည်။

Livingston ၏အလိုအရ ဖက်ဒရယ်စနစ်ကို ဥပဒေစာသားများအပေါ် မူတည်၍ ပုံ ဖော်ခြင်းထက် လူ့အဖွဲ့အစည်းအတွင်းရှိ လူမျိုးရေး၊ ဘာသာရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဒေသရေး စုံလင်ကွဲပြားမှုများ တည်ရှိနေမှသာ ဖက်ဒရယ်စနစ် အမှန်တကယ် ရှင်သန်နိုင်သည်။ ထို့ကြောင့် ဖက်ဒရယ်စနစ်သည် ဥပဒေရေးရာဖွဲ့စည်းပုံတရပ်မဟုတ်ဘဲ လူမှုဆိုင်ရာဖြစ်ရပ် (sociological fact) ဖြစ်သည်ဟု သူက ယူဆသည်။

Livingston က Self-rule သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားခြင်း ကြောင့် ဖြစ်ပေါ်လာခြင်းထက် လူမှုအဖွဲ့အစည်းများ၏ မတူကွဲပြားသောအကျိုးစီးပွား၊ အမှတ်

အသား သရုပ်လက္ခဏာများ (Identity) ကြောင့် သဘာဝအတိုင်းပေါ်ပေါက်လာခြင်းဖြစ်သည်။ ဥပမာ လူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှု စုံလင်ကွဲပြားသောလူစုများသည် မိမိတို့ကိုယ်ပိုင် အရေးအရာများကို ကိုယ်တိုင်ဆုံးဖြတ်လိုသည့်ဆန္ဒရှိလာသည်။ ထိုဆန္ဒမှ Self-rule ကို ဖန်တီးသည်။ Self-rule သည် လူမှုအခြေအနေပကတိ တရားမှထွက်ပေါ် လာသော အုပ်ချုပ်ရေးလိုအပ်ချက် ဖြစ်သည်။

Livingston ၏အမြင်အရ Shared rule သည် ဥပဒေအရ အတင်းအကျပ်ဖန်တီး၍ မရ၊ စုံလင်ကွဲပြားသော လူမှုအဖွဲ့အစည်းများက တစုံတဝန်းလုံး လွှမ်းခြုံစုစည်းထားသည့် အဆင့်တွင် ပူးပေါင်းနေထိုင်လိုသည့်ဆန္ဒကို လက်ခံကြသောအခါမှသာ အလုပ်လုပ်နိုင်သည်။ ထို့ကြောင့် လူမှုအသိုက်အဝန်းများအကြား ယုံကြည်မှု၊ အမျိုးသားရေး အတူတကွဖြစ်တည်မှု မရှိပါက Shared rule သည် အားနည်းသွားမည်။ Shared rule သည် နိုင်ငံရေးသဘောတူညီမှုထက် လူမှုဆိုင်ရာလက်ခံမှုအပေါ် ပိုမိုမူတည်သည်။

Livingston က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖက်ဒရယ်စနစ်၏ အကြောင်းရင်းမဟုတ်ပဲ ဖက်ဒရယ်လူမှုအခြေအနေကို ဖော်ပြပေးသော အရိပ်အယောင်သာဟု မြင်သည်။ သူ၏အရေးကြီးသည့်မေးခွန်းမှာ "ဖွဲ့စည်းပုံအခြေခံဥပဒေက ဖက်ဒရယ်ဟုရေးထားသလား " ဆိုသည်ထက်၊ "လူမှုအဖွဲ့အစည်းကဖက်ဒရယ်ဖြစ်နေပြီလား" ဆိုသည်ပင်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အရေးပါမှုကို လျော့နည်းစေခြင်း၊ လူမှုရေးစုံလင်ကွဲပြားမှုရှိသော်လည်း ဖက်ဒရယ်မဖြစ်နိုင်သည့်နိုင်ငံများလည်း ရှိနေသည့်အပေါ် Livingston သီအိုရီအား ဝေဖန်ကြသည်။ သို့သော် Livingston သီအိုရီက လူမှုအခြေအနေများကို မလေ့လာဘဲ ဖက်ဒရယ်ဒီဇိုင်းဆွဲခြင်း၏ အန္တရာယ်ကို အထူးသတိပေးထားသည်။

Livingston ၏ သီအိုရီသည် လူမျိုးစုံနိုင်ငံများ (ဥပမာ – မြန်မာ၊ အိန္ဒိယ၊ အီသီယိုးပီးယားစသည့် နိုင်ငံများ) ကို လေ့လာရာတွင် အထူးအသုံးဝင်သည်။ ဖက်ဒရယ်စနစ်အောင်မြင်မှုသည် ဥပဒေစာသားထက် လူမှုရေးလက်ခံမှုအပေါ် ပိုမိုမူတည်ကြောင်း ဖော်ပြပေးခဲ့သည်။

William S. Livingston အမြင်အရ ဖက်ဒရယ်စနစ်သည် ဥပဒေဖြင့် ဖန်တီးနိုင်သောစနစ်မဟုတ်ဘဲ လူမှုအဖွဲ့အစည်း၏ စုံလင်ကွဲပြားမှုများမှ သဘာဝအတိုင်းပေါ်ပေါက်လာသောစနစ် ဖြစ်သည်။ Self-rule နှင့် Shared rule တို့သည် လူမှုရေးလက်တွေ့အခြေအနေကိုထင်ဟပ်ပြသသောအုပ်ချုပ်ရေးပုံစံများဖြစ်ကြသည်။ Livingston သီအိုရီသည် ဖက်ဒရယ်စနစ်ကို နားလည်ရာတွင် "ဥပဒေထက် လူမှုအခြေခံများကို ဦးစားပေးစဉ်းစားရမည်" ဟူသော အရေးပါသော သဘောတရားကို ပေးစွမ်းသောသီအိုရီ ဖြစ်သည်။

## Carl J. Friedrich

## ရွေ့လျားပြောင်းလဲနေသောလုပ်ငန်းစဉ်အဖြစ် ရှုမြင်သည့်ဖက်ဒရယ်သီအိုရီ

## (Process-Oriented / Dynamic Theory of Federalism)

Carl Joachim Friedrich (၁၉၀၁-၁၉၈၄) သည် ဖက်ဒရယ်စနစ်ကို တည်ငြိမ်သော ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်အဖြစ် မမြင်ဘဲ၊ ဆက်လက်ပြောင်းလဲနေသော နိုင်ငံရေး လုပ်ငန်းစဉ် (political process) အဖြစ်ရှုမြင်သော ပညာရှင်ဖြစ်သည်။ Friedrich ၏ အဓိကသဘောတရားမှာ ဖက်ဒရယ်စနစ်သည် အာဏာခွဲဝေကျင့်သုံးသည့်စနစ်တရပ်ဖြစ်ခြင်း အပြင်၊ အာဏာအဆင့်ဆင့်အကြား အမြဲတမ်းညှိနှိုင်းဆောင်ရွက်နေသည့် လုပ်ငန်းစဉ်တရပ် ဖြစ်သည်။

Friedrich ၏အလိုအရ ဖက်ဒရယ်စနစ်ကို ဥပဒေပြုအာဏာခွဲဝေမှုစာရင်းများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေစာသားများဖြင့်သာ သတ်မှတ်၍မရဘဲ အရေးကြီးဆုံးမှာ ခွဲဝေကျင့် သုံးလျက်ရှိသောအာဏာများအကြား ဆက်လက်ညှိနှိုင်းမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ပြိုင်ဆိုင် မှုတို့ ဖြစ်သည်။ ဖက်ဒရယ်စနစ်သည် အပြီးသတ်ပြီးသား ပုံစံတခုမဟုတ်ဘဲ ဆက်လက်ဖြစ် ပေါ်နေသော လုပ်ငန်းစဉ် ဖြစ်သည်။

Friedrich ၏အမြင်အရ Self-rule သည် တိတိကျကျသတ်မှတ်ထားနိုင်သော အရာမဟုတ်၊ အချိန်နှင့် အမျှပြောင်းလဲနိုင်သော အာဏာအတိုင်းအတာဖြစ်သည်။ ပြည်ထောင်စု အဖွဲ့ဝင်ယူနစ်အစိုးရများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်သည် နိုင်ငံရေးအခြေအနေ၊ စီးပွားရေးလိုအပ် ချက်၊ ခွဲဝေကျင့်သုံးလျက်ရှိသော အာဏာများအကြားဆက်ဆံရေးအပေါ် မူတည်၍ ပြောင်းလဲ သည်။ Self-rule သည် အမြဲတမ်းသီးခြား ခွဲထုတ်ထားသောအာဏာမဟုတ်ဘဲ ညှိနှိုင်းမှုဖြင့် သတ်မှတ်နေရသောအာဏာဖြစ်သည်။ Self-rule သည် အပြောင်းအလဲဖြစ်ပေါ်နိုင်သော ညှိနှိုင်းမှုရလဒ် ဖြစ်သည်။

Shared rule သည် Friedrich သီအိုရီ၏ အလွန်အရေးပါသောအစိတ်အပိုင်း ဖြစ်သည်။ Shared rule ဆိုသည်မှာ ခွဲဝေကျင့်သုံးထားသည့်အာဏာများအကြား ဆက်လက် ဆွေးနွေးညှိနှိုင်းခြင်း၊ ပူးပေါင်းဆုံး ဖြတ်ခြင်း၊ အပြန်အလှန်အကျိုးသက်ရောက်မှု၊ ပြည်ထောင်စု အဆင့်နှင့် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အဆင့်အစိုးရများသည် တဖက်ကိုတဖက်အုပ်ချုပ်ခြင်း မဟုတ်ဘဲ အပြန်အလှန် သတ်မှတ်ပြောင်းလဲနေကြခြင်းဖြစ်သည်။ Shared rule သည် ဖက် ဒရယ်စနစ်ကို ရှင်သန်စေသော နေ့စဉ်လုပ်ငန်းစဉ်ဖြစ်သည်။

Friedrich ၏ အဓိကသဘောတရားမှာ "ဖက်ဒရယ်စနစ်ဆိုသည်မှာ ဖွဲ့စည်း တည်ဆောက်ပုံတခုမဟုတ်ဘဲ လုပ်ငန်းစဉ်တခုသာဖြစ်သည်။" (“Federalism is not a

structure but a process.") ဆိုလိုသည်မှာ ဖက်ဒရယ်စနစ်သည် တကြိမ်တည်းဒီဇိုင်းဆွဲပြီးအပြီးသတ်ထားနိုင်သောစနစ်မဟုတ်။ အချိန်နှင့်အမျှ အာဏာခွဲဝေကျင့်သုံးမှုများ ပြောင်းလဲသွားနိုင်သော၊ တာဝန်များပြန်လည်ညှိနှိုင်းခွဲဝေရသော၊ နိုင်ငံရေးအပြောင်းအလဲများကို လက်ခံညှိနှိုင်းလုပ်ဆောင်ရသောစနစ် ဖြစ်သည်။

Friedrich ၏ သီအိုရီသည် နိုင်ငံရေးလက်တွေ့အခြေအနေမှန်ကို ပိုမိုတိကျစွာဖော်ပြနိုင်သည်။ Cooperative federalism (ဂျာမနီ၊ အိန္ဒိယဖက်ဒရယ်စနစ်များ) ကို နားလည်ရန် အသုံးဝင်သည်။ ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းမှု၏အရေးပါမှုကို ဖော်ထုတ်ပေးသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တည်ငြိမ်မှုကိုလျော့နည်းစေနိုင်သည်၊ Self-rule ၏ အကာအကွယ်အာမခံနိုင်မှုကိုအားနည်းနိုင်သည်၊ အာဏာဗဟိုချုပ်ကိုင်မှုကိုလွယ်ကူစေသည် ဟု ဝေဖန်ချက်များရှိသည်။

Friedrich ၏ သီအိုရီသည် ခေတ်သစ်ဖက်ဒရယ်စနစ်များ၏လက်တွေ့အခြေအနေကို ရှင်းလင်းဖော်ပြနိုင်သည်။ Self-rule နှင့် Shared rule ကို ပုံသေစည်းမျဉ်းများအဖြစ်မမြင်ဘဲ ဆက်လက်ညှိနှိုင်းရမည့်အရာများအဖြစ် နားလည်စေသည်။

Carl J. Friedrich ၏ ဖက်ဒရယ်သီအိုရီအရ ဖက်ဒရယ်စနစ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေစာသားများထက် ပိုမိုကျယ်ပြန့်သော နိုင်ငံရေးလုပ်ငန်းစဉ်အဖြစ်ရှုမြင်သလို Self-rule နှင့် Shared rule တို့သည်အချိန်နှင့်အမျှ ပြန်လည်ညှိနှိုင်းသတ်မှတ်ရမည့် ဆက်လက်ဖြစ်ပေါ်နေသော အာဏာဆက်ဆံရေးများ ဖြစ်ကြသည်။

Friedrich ၏ အမြင်သည် ဖက်ဒရယ်စနစ်ကို တည်ဆောက်ရာတွင် အပြီးသတ်ပုံစံကို မရှာဘဲ၊ အာဏာခွဲဝေမှုညှိနှိုင်းနိုင်သော ဒီမိုကရက်တစ်လုပ်ငန်းစဉ်များကို အဓိကထားရမည် ဟူသော အရေးပါသည့် သဘောတရားကို ပေးစွမ်းပါသည်။

## ၄။ အဖွဲ့အစည်းဆိုင်ရာနှင့် လုပ်ငန်းစဉ်အခြေပြု သီအိုရီများ (Institutional and Process-Oriented Theories)

### Daniel J. Elazar ၏ (ပဋိညာဉ်အခြေပြု/ကိုယ်ပိုင်အုပ်ချုပ်မှုနှင့် အတူတကွပူးပေါင်းအုပ်ချုပ်မှုသီအိုရီ) (Covenantal / Self-Rule and Shared-Rule Theory of Federalism)

Daniel J. Elazar (၁၉၃၄ – ၁၉၉၉) သည် ခေတ်သစ်ဖက်ဒရယ်သီအိုရီရေးရာတွင် အရေးပါဆုံးသော ပညာရှင်များအနက် တစ်ဦးဖြစ်ပြီး ဖက်ဒရယ်စနစ်ကို "Self-Rule plus

Shared Rule" (ကိုယ်ပိုင်အုပ်ချုပ်ခြင်း + အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း) ဟု အဓိပ္ပါယ်ဖွင့် ဆိုခဲ့သူဖြစ်သည်။

Elazar ၏အဆိုအရ ဖက်ဒရယ်စနစ်သည် အာဏာကို ဗဟိုတွင်စုပေါင်းထားသော စနစ်မဟုတ်၊ ဒေသအစိုးရများကို အောက်လက်အဖြစ်ခွဲဝေထားသောစနစ်လည်းမဟုတ်၊ တန်းတူညီတူသော အစိုးရအဆင့်များအကြား ပူးပေါင်းညှိနှိုင်း၍ အုပ်ချုပ်သော မိတ်ဖက်စနစ် ဖြစ်သည်။

Elazar သီအိုရီ၏ အဓိကအချက်မှာ Covenant (အပြန်အလှန်သဘောတူညီချက်/ ပဋိညာဉ်)ဖြစ်သည်။ Covenant ဆိုသည်မှာ အာဏာကို အထက်မှ အောက်သို့ ပေးအပ် ခြင်းမဟုတ်၊ လွတ်လပ်သော နိုင်ငံရေး အသိုက်အဝန်းများအကြား သဘောတူညီမှုဖြင့် ပူးပေါင်း ဖွဲ့စည်းခြင်းဖြစ်သည်။ ဖက်ဒရယ်အစိုးရသည်

အတူစုဖွဲ့သည့် နိုင်ငံရေးအသိုက်အဝန်းများ၏ သဘောတူညီချက်မှ ပေါ်ပေါက်လာ သော အဖွဲ့အစည်း ဖြစ်သည်။ ဖက်ဒရယ်စနစ်၏ အခြေခံသည် အမိန့်ပေးအုပ်ချုပ်ခြင်းမဟုတ် ဘဲ သဘောတူညီပူးပေါင်း အုပ်ချုပ်ခြင်း ဖြစ်သည်။

Elazar ၏အမြင်အရ Self-rule သည် ဖက်ဒရယ်စနစ်၏ မဖြစ်မနေလိုအပ်သော အစိတ်အပိုင်းဖြစ် သည်။ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အစိုးရများ၏အခွင့်အာဏာကို ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် အာမခံထားရမည်။ ကိုယ်ပိုင်ဥပဒေပြုရေးအာဏာ၊ ကိုယ်ပိုင်အုပ်ချုပ်ရေး လုပ်ဆောင်ခွင့်၊ ကိုယ်ပိုင်ဘဏ္ဍာရေးစီမံခန့်ခွဲခွင့်၊ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် လူမှုရေးဆုံးဖြတ် ခွင့်တို့သည် Self-rule တွင် အဓိကပါဝင်သည်။ Self-rule မရှိလျှင် ဖက်ဒရယ်စနစ်သည် ဗဟိုပြုအုပ်ချုပ်ရေးစနစ်တရပ်သာ ဖြစ်သွားမည် ဖြစ်သည်။

Shared-rule သည် Elazar သီအိုရီ၏ ထူးခြားချက်ဖြစ်သည်။ Shared-rule ဆိုသည်မှာ ပြည်ထောင်စု အဖွဲ့ဝင်ယူနစ်အစိုးရများသည် ဖက်ဒရယ်အဆင့်ဆုံးဖြတ်ချက်များ တွင် တိုက်ရိုက်ပါဝင်ခွင့်ရရှိခြင်းဖြစ်သည်။ ပြည်ထောင်စုအဆင့်အစိုးရသည် ပြည်ထောင်စု အဖွဲ့ဝင်ယူနစ်ကို အမိန့်ပေးအုပ်ချုပ်ခြင်းမပြုနိုင်။ Shared-rule ၏ အဓိကကိရိယာများ အဖြစ် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များကို ကိုယ်စားပြုသော အထက်လွှတ်တော် (ဥပမာ – Senate, Bundesrat)၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရာတွင် ပြည်ထောင်စုအဖွဲ့ဝင်ဖက် ဒရယ်ယူနစ်များ၏သဘောတူညီချက်လိုအပ်ခြင်း၊ ဖက်ဒရယ်စနစ်အရဖွဲ့စည်းထားသည့် အစိုးရ များအကြားပူးပေါင်းဆောင်ရွက်ခြင်းတို့ကို တွေ့ရသည်။ Shared-rule သည် ဖက်ဒရယ် စနစ်ကို ဒီမိုကရေစီနည်းကျဖြစ်စေသော အင်ဂျင်ဖြစ်သည်။

Elazar သည် ဖက်ဒရယ်စနစ်ကို Decentralization (ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း) နှင့် ခွဲခြားပြောဆိုခဲ့သည်။ ဗဟိုမရှိသည့်အခြေအနေဖြစ်သည်။ (Non-centralization) ။ အာဏာသည် မူလကတည်းက အဆင့်အမျိုးမျိုးတွင် တည်ရှိနေပြီး ပြည်ထောင်စုအစိုးရသည် အာဏာ၏မူလအရင်းအမြစ်မဟုတ်၊ အာဏာကို ပြန်လည်ယူဆောင်နိုင်သော အထက်အဆင့်တွင်ရှိနေခြင်း မဟုတ်ပါ။

Elazar ၏အမြင်အရ ဖက်ဒရယ်စနစ်သည် ဒီမိုကရေစီကို အားကောင်းစေသည်။ အာဏာကို အဆင့်များစွာတွင် ခွဲဝေထားခြင်းကြောင့် လူထုပါဝင်မှု မြင့်မားလာကာ၊ အာဏာအလွန်အကျွံပေါင်းစုသွား ခြင်းကို ကာကွယ်နိုင်သည်။ ဖက်ဒရယ်စနစ်သည် ဒီမိုကရေစီနည်းကျမိတ်ဖက်အုပ်ချုပ်ရေးစနစ် ဖြစ်သည်။

Elazar ၏ သီအိုရီသည် Self-rule နှင့် Shared-rule ကို စနစ်တကျ ဆက်စပ်ဖော်ပြပေးနိုင်သည်။ ခေတ်သစ်ဖက်ဒရယ်နိုင်ငံများ (အမေရိကန်၊ ကနေဒါ၊ ဆွစ်ဇာလန်) ကို နားလည်ရန် အလွန်အသုံးဝင်သည်။ ဖက်ဒရယ်စနစ်ကို ဥပဒေရေးရာပုံစံ + နိုင်ငံရေးယဉ်ကျေးမှု + သဘောတူညီမှုအဖြစ် ပေါင်းစည်းဖော်ပြပေးနိုင်သည်။

Elazar ၏ Covenant သဘောတရားသည် လက်တွေ့နိုင်ငံရေးတွင် အလွန်အမင်းအကောင်းမြင်သည် ဟု ဝေဖန်ကြသည်။ အာဏာမညီမျှမှုရှိသည့်နိုင်ငံများတွင် Shared-rule သည် အမည်သာဖြစ်နိုင်သည်။ ပြည်ထောင်စုအတွင်း အားကောင်းသူများက အားနည်းသူများကို လွှမ်းမိုးနိုင်သည်ဟု ဝေဖန်ကြသည်။

Daniel J. Elazar ၏ ဖက်ဒရယ်သီအိုရီအရ ဖက်ဒရယ်စနစ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self-rule) နှင့် ပူးပေါင်းအုပ်ချုပ်ခွင့် (Shared-rule) တို့ကို ညီမျှစွာ ပေါင်းစည်းထားသောဒီမိုကရေစီနည်းကျမိတ်ဖက်စနစ်ဖြစ်သည်။ အာဏာသည် ဗဟိုတွင် မစုစည်းဘဲ သဘောတူညီချက်နှင့် ဒီမိုကရေစီဆိုင်ရာ ပူးပေါင်းလုပ်ငန်းစဉ်များမှ ဆက်လက်ဖြစ်ပေါ်နေသည်။

Elazar ၏ သီအိုရီသည် ဖက်ဒရယ်စနစ်ဒီဇိုင်းအတွက် အလွန်အရေးပါသောသီအိုရီအခြေခံတစ်ရပ် ဖြစ်ပြီး မြန်မာနိုင်ငံကဲ့သို့ လူမျိုးစုံအမျိုးသားများရှိသည့်နိုင်ငံများတွင် အထူးသင့်လျော်စွာ ဆွေးနွေးအသုံးချနိုင်ပါသည်။

### Ronald L. Watts ၏ နှိုင်းယှဉ်မှု နှင့်အဖွဲ့အစည်းဆိုင်ရာဖက်ဒရယ်သီအိုရီ (Comparative and Institutional Theory of Federalism)

Ronald Watts (၁၉၂၉–၂၀၁၅) သည် ခေတ်သစ်ဖက်ဒရယ်လေ့လာမှုနယ်ပယ်တွင် နှိုင်းယှဉ်နိုင်ငံရေး လေ့လာမှု (comparative politics) ကို အခြေခံထား၍ ဖက်ဒရယ်စနစ်များကို လက်တွေ့အလုပ် လုပ်ပုံအရ လေ့လာဆန်းစစ်ခဲ့သူပညာရှင်ဖြစ်သည်။

Watts ၏အမြင်အရ ဖက်ဒရယ်စနစ်သည် တစ်ပုံစံတည်းရှိသော မော်ဒယ်တခု မဟုတ်။ နိုင်ငံတိုင်း၏ သမိုင်းနောက်ခံအခြေအနေ၊ လူမျိုးရေးဖွဲ့စည်းမှုနှင့် ယဉ်ကျေးမှု၊ နိုင်ငံရေး ယဉ်ကျေးမှု၊ အာဏာဆိုင်ရာအခြေအနေအပေါ် မူတည်၍ ကွဲပြားစွာဖွဲ့စည်းထားရသော စနစ်တရပ်ဖြစ်သည်။ ဖက်ဒရယ်စနစ်ကို ပုံသေသီအိုရီတခုမဟုတ်ဘဲ ပြောင်းလဲနိုင်သော အုပ်ချုပ်ရေးဒီဇိုင်းအဖြစ် ရှုမြင်သည်။

Watts ၏အမြင်အရ ဖက်ဒရယ်စနစ်သည် "အတူတကွပူးတွဲအုပ်ချုပ်မှုနှင့် ကိုယ်ပိုင်အုပ်ချုပ်မှုတို့ကို ပေါင်းစပ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခိုင်မာစွာပြဋ္ဌာန်းထားသော အဆင့်များစွာပါဝင်သည့် အစိုးရစနစ် " ("Constitutionally entrenched system of multi-level government, combining shared rule and self-rule.") ဖြစ်သည်။ အစိုးရအဆင့်အလွှာများစွာ ပါဝင်သည်။ Self-rule (ကိုယ်ပိုင်အုပ်ချုပ်ခြင်း) နှင့် Shared-rule (အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း) ကို တပြိုင်နက်တည်း ထိန်းသိမ်းထားရမည်။ အာဏာခွဲဝေမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အာမခံထားရမည်။

Watts ၏အမြင်အရ Self-rule သည် ဖက်ဒရယ်စနစ်၏ အခြေခံအကျဆုံးအချက်ဖြစ်သည်။ သို့သော် Self-rule သည် နိုင်ငံတိုင်းတွင် မတူညီနိုင်။ Self-rule ၏ လက္ခဏာများအဖြစ် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အစိုးရများ၏ ကိုယ်ပိုင်ဥပဒေပြုခွင့်၊ အုပ်ချုပ်ရေးအာဏာ၊ ဘဏ္ဍာရေးအာဏာ၊ ယဉ်ကျေးမှုနှင့် လူမှုရေးအာဏာများဖြစ်သည်။ Watts အထူးသတိပြုသောအချက်မှာ Asymmetrical Federalism (ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များအကြား အာဏာခွဲဝေမှုအချိုးမညီသောဖက်ဒရယ်စနစ်) ဖြစ်သည်။ ဥပမာ ကနေဒါတွင် Quebec သည် အခြားပြည်နယ်များထက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိသည်။ စပိန်တွင် Catalonia၊ Basque Country တို့သည် အထူးအခွင့်အရေးများရှိသည်။

Watts ၏အမြင်အရ Shared-rule သည် ဖက်ဒရယ်စနစ်၏ တည်တံ့မှုအတွက် မဖြစ်မနေ လိုအပ်သည်။ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များသည် ပြည်ထောင်စုအာဏာကို ကျင့်သုံးရာတွင် ပါဝင်ရမည်။ Shared-rule ၏ အဓိကစနစ်များအဖြစ် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များကိုကိုယ်စားပြုသော အထက်လွှတ်တော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရာတွင် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များ၏ပါဝင်မှု၊ အစိုးရများအကြား ဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးကော်မတီများ၊ ဘဏ္ဍာငွေခွဲဝေမှုဆိုင်ရာဖက်ဒရယ်စနစ်များ (fiscal federalism) ဖြစ်သည်။ Shared-rule မရှိပါက ဖက်ဒရယ်စနစ်သည် ဗဟိုချုပ်ကိုင်စနစ်သို့ ရောက်ရှိသွားနိုင်သည်။

Watts သည် ဖက်ဒရယ်စနစ်ကို အာဏာခွဲဝေထားသော ပုံသေဖွဲ့စည်းပုံတစ်ခုအဖြစ် မမြင်ဘဲ အစိုးရများအကြား ဆက်လက်ညှိနှိုင်းလုပ်ဆောင်ရသော လုပ်ငန်းစဉ်အဖြစ် မြင်သည်။

ထိုလုပ်ငန်းစဉ်တွင် ပူးပေါင်းလုပ်ဆောင်ခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း၊ ပိုမိုကောင်းမွန်အောင်ပြုပြင်ဆိုင်ခြင်းတို့ကို တွေ့ရသည်။ ဖက်ဒရယ်စနစ်သည် အတည်အသေဖြစ်စဉ် "static structure" မဟုတ်ဘဲ (Dynamic process) ရွေ့လျားပြောင်းလဲနေသောဖြစ်စဉ်ဖြစ်သည်။

Watts ၏အလိုအရ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုတည်းဖြင့် ဖက်ဒရယ်စနစ်မအောင်မြင်နိုင်ပေ။ ဖက်ဒရယ်စနစ် အောင်မြင်ရန် အရေးပါဆုံးမှာ ယုံကြည်မှု၊ သဘောတူညီမှု၊ ဒီမိုကရေစီယဉ်ကျေးမှု၊ အာဏာမျှဝေရန် စိတ်ဆန္ဒစသည့် နိုင်ငံရေးယဉ်ကျေးမှုအပေါ် အလွန်မူတည်သည်။

Watts အမြင်အရ ဖက်ဒရယ်ဒီဇိုင်းတွင် Self-rule နှင့် Shared-rule ကို ညီမျှစွာထိန်းညှိရမည်၊ အချိုးမညီအာဏာခွဲဝေမှုများ (Asymmetry) ရှိနိုင်သည်ကို လက်ခံနိုင်ရမည်၊ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များ၏ ယုံကြည်မှုရရှိစေရန် Shared-rule စနစ်များကို အားကောင်းစေရမည်၊ အပြောင်းအလဲများကို လက်ခံနိုင်သော ဖွဲ့စည်းပုံဖြစ်ရပေမည်။

Ronald Watts ၏သီအိုရီသည် ဖက်ဒရယ်စနစ်ကိုလက်တွေ့အသုံးချနိုင်သော မိုဒယ်အဖြစ် ဖော်ပြပေးသည်၊ ဖက်ဒရယ်အသွင်ကူးပြောင်းနေသောနိုင်ငံများအတွက် အထူးအသုံးဝင်သည်။ မြန်မာနိုင်ငံကဲ့သို့ လူမျိုးစုံအမျိုးသားများပါဝင်သည့်နိုင်ငံတွင် ဖက်ဒရယ်ဒီဇိုင်းဆွဲရာ၌ အရေးပါသောသီအိုရီအခြေခံ ဖြစ်နိုင်သည်။

Ronald Watts ၏ ဖက်ဒရယ်သီအိုရီအရ ဖက်ဒရယ်စနစ်သည် ပုံသေမဟုတ်။ Self-rule နှင့် Shared-rule ကို အခြေအနေနှင့်အညီ ချိန်ညှိနေရမည်။ ဖက်ဒရယ်စနစ်၏ အောင်မြင်မှုသည် ဥပဒေထက် လူသားနှင့်နိုင်ငံရေးယဉ်ကျေးမှုအပေါ် ပိုမိုမူတည်သည်။ Watts သည် ဖက်ဒရယ်စနစ်ကို ပြိုင်ဆိုင်မှု မဟုတ်ဘဲ အပြန်အလှန်ညှိနှိုင်းအပေါ်အခြေခံသော ဒီမိုကရက်တစ်အုပ်ချုပ်ရေးစနစ်အဖြစ် ဖော်ပြပေးခဲ့သူဖြစ်သည်။

## ၅။ စီးပွားရေးအခြေပြု ဖက်ဒရယ်သီအိုရီများ

**(Economic Theories of Federalism)**

**Charles M. Tiebout (၁၉၂၄-၁၉၆၈)**

**(ဖက်ဒရယ်စနစ်၏ ဘောဂဗေဒရှုထောင့်သီအိုရီ )**

**(Economic Theory of Federalism – "Voting with Their Feet")**

လူများသည် မိမိတို့ မနှစ်သက်သော အခြေအနေ၊ နေရာ သို့မဟုတ် အုပ်စုတခုကို စွန့်ခွာ၍ ပိုမိုအကျိုးရှိသော အခြေအနေတခုကို ရွေးချယ်ခြင်းဖြင့် နှစ်သက်မှုများကို ဖော်ပြတတ်ကြသည်။ လူတဦးချင်းစီသည် ပိုမိုကောင်းမွန်သော နိုင်ငံရေးစနစ်များ၊ စီးပွားရေးပတ်ဝန်းကျင်များ သို့မဟုတ် ပြည်သူ့ဝန်ဆောင်မှုများကို လွတ်လပ်စွာ ရွေးချယ်နိုင်သည်။

Charles Tiebout သည် ဖက်ဒရယ်စနစ်ကို နိုင်ငံရေးသီအိုရီမဟုတ်ဘဲ ဘောဂဗေဒ

သီအိုရီ (economic theory) အမြင်ဖြင့် လေ့လာခဲ့သူဖြစ်သည်။ Tiebout ၏ အဓိကမေးခွန်းမှာ—"ဒေသအစိုးရများအကြား ယှဉ်ပြိုင်မှုသည် ပြည်သူ့ဝန်ဆောင်မှုများကို ပိုမိုထိရောက်စေသလား" ဟူ၍ဖြစ်သည်။ ဖက်ဒရယ်စနစ်ကို ဈေးကွက်စနစ်နှင့် ဆင်တူသော အုပ်ချုပ်ရေးစနစ်အဖြစ် ရှုမြင်ခဲ့သည်။

Tiebout ၏ အကျော်ကြားဆုံး အယူအဆမှာ—"Voting with Their Feet" ဖြစ်သည်။ ပြည်သူများသည် မဲပေးခြင်းသာမက မိမိနှစ်သက်သော အခွန်အကောက်ပေးဆောင်ရသည့်အခြေအနေ၊ ပြည်သူ့ဝန်ဆောင်မှု၊ ပညာရေး၊ လုံခြုံရေးစနစ်ရှိသည့်နေရာသို့ ပြောင်းရွှေ့နေထိုင်ခြင်းဖြင့် မိမိ၏ ဆန္ဒကိုဖော်ပြနိုင်သည်။ နေရာရွှေ့ပြောင်းခြင်းကို နိုင်ငံရေးရွေးချယ်မှုတခုအဖြစ် သတ်မှတ်သည်။

Tiebout ၏အမြင်အရ Self-rule (အစိုးရ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်) သည် အလွန်အရေးပါသည်။ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အစိုးရတိုင်းသည် ကိုယ်ပိုင်အခွန်စနစ်၊ ကိုယ်ပိုင်ဝန်ဆောင်မှုအဆင့်၊ ကိုယ်ပိုင်မူဝါဒ ဖန်တီးနိုင်ရမည်။ အကျိုးသက်ရောက်မှုအဖြစ် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များ၊ ဒေသများအကြား မူဝါဒကွဲပြားမှု ဖြစ်ပေါ်လာပြီး ပြည်သူများသည် မိမိနှစ်သက်ရာကို ရွေးချယ်နိုင်လာမည်။ Self-rule ကို ပြည်သူ့အကြိုက် ကိုက်ညီရွေးချယ်နိုင်စေရန် အရေးပါသောယန္တရားဟု ရှုမြင်သည်။

Tiebout သည် Shared-rule ကို အနည်းဆုံးလိုသလောက်သာ လိုအပ်သည်ဟု မြင်သည်။ Shared-rule များလွန်းပါက ဒေသအစိုးရများ၏ ယှဉ်ပြိုင်မှုလျော့နည်းပြီး ထိရောက်မှုကျဆင်းနိုင်သည်ဟု သူက မြင်သည်။ Shared-rule လိုအပ်သည့် အခြေအနေများအဖြစ် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်တခု၏ မူဝါဒသည် အခြားဒေသများကို သက်ရောက်သည့်အခြေအနေများ (spillovers)၊ နိုင်ငံလုံးဆိုင်ရာ ပြည်သူ့ဝန်ဆောင်မှုများ (ကာကွယ်ရေး၊ အခြေခံအဆောက်အအုံကြီးများ) ကိုညွှန်းပါသည်။

Tiebout က ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အစိုးရများသည် ဝန်ဆောင်မှုပေးသူ (suppliers) ဖြစ်ပြီး ပြည်သူများသည် စားသုံးသူ (consumers) ဟု သတ်မှတ်သည်။ ယှဉ်ပြိုင်မှုရှိပါက အရည်အသွေးတိုးတက်ခြင်း၊ အကုန်အကျသက်သာခြင်း၊ ပြည်သူ့ဆန္ဒနှင့် ကိုက်ညီသောဝန်ဆောင်မှုများ ထုတ်လုပ်နိုင်ခြင်းတို့ ဖြစ်ပေါ်လာမည်ဟုဆိုသည်။ ဖက်ဒရယ်စနစ်ကို အုပ်ချုပ်ရေးဈေးကွက် (governmental marketplace) ဟု ရှုမြင်သည်။

Tiebout ၏သီအိုရီသည် ပြည်သူများသည်လွတ်လပ်စွာ နေရာရွှေ့ပြောင်းနိုင်သည်၊ သတင်းအချက်အလက်များကို ပြည့်စုံစွာ သိရှိနိုင်သည်၊ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အစိုးရများအကြား အခွန်နှင့်ဝန်ဆောင်မှု ကွဲပြားမှုရှိသည်၊ ပြည်သူ့ဝန်ဆောင်မှုများ၏ အကျိုး

သက်ရောက်မှုသည် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အတွင်းသာ ရှိသည်ဟူသည့် အခြေခံယူဆချက်များရှိပါသည်။ လက်တွေ့တွင် အချို့ယူဆချက်များ မပြည့်မီနိုင်ကြောင်းကို နောက်ပိုင်းပညာရှင်များက ဝေဖန်ခဲ့သည်။

Tiebout သီအိုရီ၏ အကန့်အသတ်များအဖြစ် ဆင်းရဲသူများသည် နေရာရွှေ့ပြောင်းနိုင်မှုနည်းပါးခြင်း၊ လူမျိုးရေး၊ ယဉ်ကျေးမှု၊ သမိုင်းအချက်အလက်များကို ထည့်သွင်းစဉ်းစားထားမှုမရှိခြင်း၊ Shared-rule ၏ နိုင်ငံရေးအရေးပါမှုကို လျော့တွက်ထားခြင်း၊ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များအကြား မညီမျှမှု ပိုမိုမြင့်တက်စေနိုင်ခြင်း စသည်တို့ကို ထည့်သွင်းစဉ်းစားထားခြင်းမရှိသည်ကို ဝေဖန်ထောက်ပြခံရသည်။

ဝေဖန်ချက်များရှိသော်လည်း Tiebout ၏အမြင်များသည် ဘဏ္ဍာငွေခွဲဝေမှုဆိုင်ရာဖက်ဒရယ်စနစ် (Fiscal federalism) ၏ အခြေခံများအဖြစ် ရှုမြင်နိုင်သည်။ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်နှင့် ပြည်ထောင်စုအကြား ခွဲခြားအုပ်ချုပ်ရေးကို ထောက်ခံသည့် အရေးကြီးသောအမြင်တခုဖြစ်သည်။ အမေရိကန်နှင့် အနောက်နိုင်ငံများ၏ ဒေသအုပ်ချုပ်ရေးများကို လေ့လာရာတွင် အရေးပါသည်။

Charles Tiebout ၏ ဖက်ဒရယ်သီအိုရီအရ Self-rule သည် ပြည်သူ့ဆန္ဒကို ကိုက်ညီစေရန် အရေးပါဆုံးဖြစ်သည်။ Shared-rule သည် အကန့်အသတ်ရှိသင့်သည်။ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အစိုးရများအကြားယှဉ်ပြိုင်မှုသည် ထိရောက်မှုကို တိုးတက်စေသည်။ သို့သော်ဖက်ဒရယ်စနစ်ကို အောင်မြင်စေရန် Tiebout ၏ စီးပွားရေးအခြေပြုဖက်ဒရယ်အမြင်ကို နိုင်ငံရေးနှင့် လူမှုရေးအမြင်များနှင့် ပေါင်းစပ်စဉ်း စားရမည်ဖြစ်သည်။

### Wallace E. Oates (၁၉၃၈–၂၀၁၅) ၏ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းသီအိုရမ်နှင့် ဘဏ္ဍာငွေခွဲဝေမှုဆိုင်ရာဖက်ဒရယ်စနစ် (Decentralization Theorem & Fiscal Federalism)

Wallace Oates သည် ဖက်ဒရယ်စနစ်ကို စီးပွားရေးထိရောက်အကျိုးရှိမှု (efficiency) အမြင်ဖြင့် လေ့လာသော ဘဏ္ဍာငွေခွဲဝေမှုဆိုင်ရာဖက်ဒရယ်စနစ်နယ်ပယ်၏ အရေးပါဆုံးပညာရှင်တစ်ဦး ဖြစ်သည်။ Oates ၏ အဓိကမေးခွန်းမှာ “အုပ်ချုပ်ရေးအာဏာကို မည်သည့်အဆင့်တွင်ထားခြင်းသည် အများပြည်သူအကျိုးစီးပွားအတွက် အထိရောက်ဆုံးဖြစ်မည်နည်း” ဟူ၍ ဖြစ်သည်။

Oates ၏ ကျော်ကြားသောသီအိုရီမှာ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းသီအိုရီများ (Decentralization Theorem) ဖြစ်သည်။ သီအိုရီ၏အဓိကယူဆချက်မှာ “ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အလိုက် ပြည်သူ့လိုအပ်ချက်များကွဲပြားနေပါက ပြည်သူ့ဝန်ဆောင်မှုများကို

ပြည်ထောင်စုအစိုးရထက် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အစိုးရများက ပိုမိုထိရောက်စွာပေး နိုင်သည်"။ Self-rule ကို အားပေးသည့် သီအိုရီဖြစ်သည်။

Oates ၏အလိုအရ Self-rule (ဒေသအစိုးရ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်) သည် ပြည်သူ့လိုအပ်ချက်ကို ပိုမိုတိကျစွာသိနိုင်ပြီး၊ ဒေသအခြေအနေအလိုက်မူဝါဒများဖန်တီးနိုင်သည်၊ ဝန်ဆောင်မှုအရည်အသွေးတိုးတက်စေနိုင်သည်။ Self-rule ၏သင့်လျော်သောနယ်ပယ်များ အဖြစ် ပညာရေး၊ ကျန်းမာရေး၊ ဒေသန္တရ အခြေခံအဆောက်အအုံများကိုဖော်ပြသည်။ "ပြည်သူနှင့်အနီးဆုံးစွမ်းဆောင်နိုင်စွမ်းအရှိဆုံးအဆင့်တွင် ဆုံးဖြတ်ခွင့်အာဏာကိုအပ်နှင်းမည်" ဟူသော Subsidiarity အယူအဆနှင့် ကိုက်ညီသည်။

Oates သည် Self-rule ကို အားပေးသော်လည်း Shared-rule ကို လုံးဝပယ်ချခြင်း မလုပ်ပါ။ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်တစ်ခု၏မူဝါဒသည် အခြားဒေသများကို သက်ရောက်သည့်အခါ (Spillover Effects) ဥပမာ - သဘာဝ ပတ်ဝန်းကျင်၊ ရေသယံဇာတ၊ နိုင်ငံလုံးဆိုင်ရာအကျိုးပြုဝန်ဆောင်မှုများ (National Public Goods) ဥပမာ - ကာကွယ်ရေး၊ အမျိုးသားလုံခြုံရေး၊ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များအကြား မညီမျှမှုလျှော့ချရန်၊ အခွန်အရင်းအမြစ်များ မျှတစေရန် ပြန်လည်ခွဲဝေမှု (Redistribution & Equity) များသည် Shared-rule လိုအပ်သည့် အခြေအနေများဖြစ်သည်ဟု သူက ရှုမြင်သည်။ Shared-rule သည် ညှိနှိုင်းရေးနှင့် ထိန်းညှိရေးအတွက် မရှိမဖြစ်ဖြစ်သည်။ Oates သည် Tiebout ထက် မျှတမှုနှင့် အမျိုးသားအကျိုးစီးပွားကို ပိုမိုအလေးပေးသည်။

Oates ၏ သီအိုရီအရ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အစိုးရများကို လုံလောက်သော အခွန်အာဏာပေးရမည်။ ပြည်ထောင်စုအစိုးရသည် ညှိနှိုင်းရေး၊ အခြေခံညီမျှမှု၊ အထွေထွေ ပြည်သူ့အကျိုးပြုဝန်ဆောင်မှုနှင့် အကျိုးစီးပွားများကို တာဝန်ယူရမည်။ ဖက်ဒရယ်စနစ်သည် Self-rule + Shared-rule ၏ စီးပွားရေးညှိနှိုင်းမှုစနစ် ဖြစ်သည်။

စီးပွားရေးထိရောက်မှုကိုသာ အလွန်အလေးထားခြင်း၊ လူမျိုးရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးအခြေအနေများကို လျော့တွက်ခြင်း၊ အာဏာမညီမျှမှုကို အပြည့်အဝမဖြေရှင်းနိုင်ခြင်းတို့ကြောင့် Oates ၏ သီအိုရီများသည် ဝေဖန်ခံရသည်။

သို့သော် ဖက်ဒရယ်နိုင်ငံများတွင် လက်တွေ့ဘဏ္ဍာငွေခွဲဝေမှုဆိုင်ရာဖက်ဒရယ်စနစ်ကို (Fiscal federalism) ကို ဒီဇိုင်းလုပ်ရာတွင် အလွန်အသုံးဝင်သည်။ Wallace Oates ၏ ဖက်ဒရယ်သီအိုရီအရ Self-rule သည် လိုအပ်ချက်များ ကွဲပြားသည့် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များအတွက် အထိရောက်ဆုံးဖြစ်သည်။ Shared-rule သည် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်တခု၏မူဝါဒသည် အခြားယူနစ်များကို သက်ရောက်သည့်အခြေအနေများတွင် ညှိနှိုင်း

နိုင်ရေးနှင့် ညီမျှမှု ထိန်းညှိရေးတို့အတွက် မရှိမဖြစ်သည်။ ဖက်ဒရယ်စနစ်သည် "အဆင့်အလိုက် ထိရောက်မှုအရှိဆုံးဖြစ်အောင် ညှိနှိုင်းရေး" ဖြစ်သည်။ ထို့ကြောင့် Oates ၏ သီအိုရီသည် ဘောဂဗေဒအမြင်ဖြင့် Self-rule နှင့် Shared-rule ကို မျှတစွာ ချိတ်ဆက်ပေးသော ဖက်ဒရယ်မိုဒယ် ဖြစ်သည်။

## ၆။ လူမျိုးအမျိုးသားစုံနှင့် သရုပ်လက္ခဏာအခြေပြုသီအိုရီများ (Multinational and Identity-Based Theories)

**Will Kymlicka (1962– )**

**(လူမျိုးအမျိုးသားစုံဖက်ဒရယ်စနစ်နှင့် လူနည်းစုအခွင့်အရေး သီအိုရီ)**

**(Multinational Federalism & Minority Rights Theory)**

Will Kymlicka သည် ဖက်ဒရယ်စနစ်ကို တရားမျှတမှု (justice)၊ အခွင့်အရေး (rights) နှင့် လူမျိုးရေး-ယဉ်ကျေးမှု စုံလင်ကွဲပြားခြင်း (cultural diversity) အမြင်မှ လေ့လာသည့် နိုင်ငံရေးသီအိုရီပညာရှင်ဖြစ်သည်။ Kymlicka အတွက် ဖက်ဒရယ်စနစ်၏အဓိက မေးခွန်းမှာ "လူမျိုးနှင့် ယဉ်ကျေးမှုအုပ်စုများ စုံလင်ကွဲပြားနေသည့် နိုင်ငံတနိုင်ငံတွင် လွတ်လပ်မှုနှင့် တရားမျှတမှုကို မည်သို့ထိန်းသိမ်းနိုင်မည်နည်း" ဟူ၍ဖြစ်သည်။ Kymlicka သည် နိုင်ငံများကို Nation-state လူမျိုးတမျိုး အဓိကလွှမ်းမိုးသည့် နိုင်ငံ၊ လူမျိုးအမျိုး သားစုံပါဝင်နေသည့်နိုင်ငံ (Multinational state) ဟူ၍ ခွဲခြားသည်။

Kymlicka ၏အမြင်အရ Self-rule သည် လူနည်းစုအမျိုးသားများ (minority nations) အတွက် ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းဆိုင်ရာ အဖွဲ့အစည်းများကို ထိန်းသိမ်းနိုင်ရန် မရှိမဖြစ်လိုအပ်သောအခြေအနေဖြစ်သည်။ Self-rule မရှိလျှင် အများစု၏ မူဝါဒများကြောင့် ယဉ်ကျေးမှုပျောက်ကွယ်နိုင်သည်။ နိုင်ငံရေးအာဏာမှ အမြဲတမ်းဖယ်ထုတ်ခံရနိုင်သည်ဟု ရှုမြင်သည်။ Self-rule သည် အထူးအခွင့်အရေးမဟုတ်ဘဲ တန်းတူလွတ်လပ်မှုရရှိရေးအတွက် လိုအပ်ချက် ဖြစ်သည်။

Kymlicka ၏ အရေးပါဆုံး အယူအဆမှာ အုပ်စုအလိုက် ခွဲခြားတည်ရှိသော အခွင့်အရေး (Group-differentiated rights) ဖြစ်သည်။ Self-government rights (ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ဖက်ဒရယ်ယူနစ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ)၊ Polyethnic rights (ယဉ်ကျေးမှုနှင့် ဘာသာရေး အထူးအခွင့်အရေးများ)၊ Special representation rights (ပြည်ထောင်စုအဆင့်တွင် အထူးကိုယ်စားပြုအခွင့်အရေး) အမျိုးအစား ၃ မျိုးအဖြစ်

Kymlicka ကခွဲခြားဖော်ပြသည်။ ဖက်ဒရယ်စနစ်သည် Self-government rights ကို အကောင်းဆုံးအကောင်အထည်ဖော်နိုင်သော ဖွဲ့စည်းပုံဖြစ်သည်ဟု သူကရှုမြင်သည်။

Kymlicka သည် Self-rule ကိုသာ မဟုတ်ဘဲ Shared-rule ကိုလည်း အရေးကြီးသည် ဟု သတ်မှတ်သည်။ နိုင်ငံအဆင့် ဆုံးဖြတ်ချက်များတွင် လူမျိုးအနည်းစုများကို ဖယ်ထုတ်မထားရန်၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မျှဝေထားရန်၊ လူမျိုးရေးညီညွတ်မှုကို အင်အားမသုံးဘဲ ထိန်းသိမ်းနိုင်ရန်အတွက် Shared-rule သည်အလွန်အရေးကြီးသည်ဟု ရှုမြင်သည်။ Shared-rule မရှိလျှင် Self-rule သည် ခွဲထွက်ရေးဘက်သို့ လှည့်သွားနိုင်သည်ဟု သူကမြင်သည်။

Kymlicka ၏အမြင်အရ ဖက်ဒရယ်စနစ်သည် အုပ်ချုပ်ရေးနည်းလမ်းတခုသာ မဟုတ် တရားမျှတမှုရရှိရေး အဖွဲ့အစည်းဆိုင်ရာကိရိယာဖြစ်သည်။ သူ၏အဓိကအယူအဆ "တန်းတူအခွင့်အရေးဆိုသည်မှာ အခြေအနေမတူသူများကို တူညီစွာ ဆက်ဆံခြင်း မဟုတ်ဘဲ တရားမျှတစွာ ဆက်ဆံခြင်းဖြစ်သည်"

လူမျိုးရေးခွဲခြားမှုကို အားပေးနိုင်ခြင်း၊ အမျိုးသားညီညွတ်ရေးကို ထိခိုက်စေနိုင်ခြင်း၊ Group rights များသည် လူတဦးချင်း၏ အခွင့်အရေးကို ဖိအားပေးနိုင်ခြင်းတို့ရှိလာနိုင်မှု အပေါ် Kymlicka ၏ သီအိုရီကိုဝေဖန်မှုများရှိသည်။ သို့သော် Multinational နိုင်ငံများတွင် လက်တွေ့အသုံးချနိုင်ရန် အရေးပါပါသည်။ Kymlicka ၏သီအိုရီသည် ကနေဒါ– Quebec (ကိုယ်ပိုင်အုပ်ချုပ်ခွင့်)၊ စပိန် – ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ လူမှုအသိုက်အဝန်းများ၊ ဘယ်လ်ဂျီယမ် –(ဘာသာစကားအခြေပြုဖက်ဒရယ်စနစ်)၊ အီသီယိုးပီးယား – (လူမျိုးစုအခြေပြု ဖက်ဒရယ်စနစ်) တို့ကိုလေ့လာရာတွင် အလွန်အသုံးဝင်သည့် သီအိုရီဖြစ်သည်ဟုဆိုနိုင်သည်။

Will Kymlicka ၏ ဖက်ဒရယ်သီအိုရီအရ Self-rule သည် လူနည်းစုအမျိုးသား/ လူမျိုးများအတွက် လွတ်လပ်မှု၏အခြေခံဖြစ်သည်။ Shared-rule သည် နိုင်ငံတော်တရပ်အတွင်း ညီညွတ်မှုအတွက် မရှိမဖြစ်လိုအပ်သည်။ ဖက်ဒရယ်စနစ်သည် လူမျိုးရေး မတူကွဲပြားမှုကို ငြိမ်းချမ်းစွာ စီမံနိုင်သော တရားမျှတမှုစနစ်ဖြစ်သည်။ ထို့ကြောင့် Kymlicka ၏ သီအိုရီသည် လူမျိုးအမျိုးသားစုံပါဝင်သည့်ဖက်ဒရယ်စနစ် (Multinational federalism) ကို အခွင့်အရေးနှင့် တရားမျှတမှုအမြင်မှ အားပေးထားသော အရေးပါသည့်ဖက်ဒရယ်သီအိုရီ ဖြစ်သည်။

## Arend Lijphart ၏ ဖက်ဒရယ်သီအိုရီ

## (ကွဲပြားနေသော လူ့အဖွဲ့အစည်းများတွင် စုံလင်ကွဲပြားသည့် ကိုယ်စားပြုသူများဒီမိုကရေစီနည်းကျစုပေါင်းဦးဆောင်သည့်စနစ်၊ အာဏာခွဲဝေမှုနှင့် ဖက်ဒရယ်စနစ်)

## (Consociationalism, Power-Sharing & Federalism in Divided Societies)

Arend Lijphart (၁၉၃၆ – ) သည် ဖက်ဒရယ်စနစ်ကို လူမျိုးရေး၊ ဘာသာရေး၊ ဘာသာစကားစသည် တို့တွင်ကွဲပြားနေသောလူ့အဖွဲ့အစည်းများအတွက် နိုင်ငံရေးတည်ငြိမ်မှုနှင့် ငြိမ်းချမ်းရေးကိုထိန်းသိမ်းနိုင်သော အဖွဲ့အစည်းဆိုင်ရာ မိုဒယ်အဖြစ် ရှုမြင်ထားသည်။ သူ၏ အဓိကမေးခွန်းမှာ "အလွန်ကွဲပြားနေသော လူ့အဖွဲ့အစည်းများတွင် ဒီမိုကရေစီကို မည်သို့ထိန်းသိမ်းနိုင်မည်နည်း" ဟူ၍ဖြစ်သည်။

Lijphart ၏ ဖက်ဒရယ်သီအိုရီသည် (အာဏာမျှဝေဒီမိုကရေစီ) Consociational Democracy အယူအဆအပေါ် အခြေခံထားသည်။ အဓိက အစိတ်အပိုင်း ၄ ချက်အဖြစ် Lijphart ကရှင်းပြသည်။ Grand Coalition (လူမျိုး၊ ဘာသာရေး၊ ဘာသာစကား အုပ်စုများ၏ ကိုယ်စားလှယ်များပါဝင်သည့် အာဏာမျှဝေအစိုးရ)၊ Mutual Veto (အရေးပါသည့် ဆုံးဖြတ်ချက်များတွင် အစုအချင်းချင်း အပြန်အလှန်အကာအကွယ်ပေးနိုင်သော ဗီတိုအခွင့်အရေး)၊ Proportionality (အာဏာ၊ အရင်းအမြစ်၊ ကိုယ်စားပြုမှုများကို လူဦးရေအချိုးအစားအလိုက်ခွဲဝေခြင်း)၊ Segmental Autonomy (အုပ်စုတိုင်းအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self-rule)) တို့ဖြစ်ကြသည်။ သူ၏အမြင်အရ ဖက်ဒရယ်စနစ်သည် (Segmental autonomy) ကို အကောင်အထည်ဖော်ရန် အကောင်းဆုံးစနစ်ဖြစ်သည်။

Lijphart ၏အမြင်အရ Self-rule (Segmental Autonomy) သည် လူမျိုးရေးသို့မဟုတ် ဘာသာရေးအုပ်စုများ၏ ယဉ်ကျေးမှု၊ ပညာရေး၊ ဘာသာစကား၊ ဒေသရေးရာများကို ကိုယ်တိုင်ဆုံးဖြတ်ခွင့်ရရှိစေရန်ဖြစ်သည်။ Self-rule သည် အမှတ်အသားသရုပ်စုံလင်ကွဲပြားသောအနည်းစုများ၏ စိုးရိမ်နေရမှုကို လျော့နည်းစေသည်၊ အမှတ်အသားသရုပ်စုံလင်ကွဲပြားသောအများစု၏အနိုင်ကျင့်မှုကို ကာကွယ်ပေးသည်၊ ပဋိပက္ခများကို ငြိမ်းချမ်းစွာစီမံနိုင်စေသည်။ Self-rule မရှိပါက အမှတ်အသားသရုပ်စုံလင် ကွဲပြားသော အနည်းစုအစုများသည် အာဏာမှဖယ်ထုတ်ခံရသည်ဟု ခံစားလာနိုင်သည်။

Lijphart အတွက် Shared-rule (Power-sharing) သည် ပြည်ထောင်စုအဆင့်အာဏာကို အမှတ်အသား သရုပ်စုံလင်ကွဲပြားသော အစုများအကြား မျှဝေပေးစေနိုင်ခြင်း၊

အရေးကြီးသောဆုံးဖြတ်ချက်များကို အားလုံး၏သဘောတူညီမှုဖြင့် ဆောင်ရွက်ခြင်း၊ အမှတ်အသား သရုပ်စုံလင်ကွဲပြားသောအများစု၏ အာဏာသုံးအနိုင်ကျင့်မှုကို တားဆီးနိုင်သည့် ကိရိယာဖြစ်သည်။ အထူးသဖြင့် Grand Coalition (လူမျိုး၊ ဘာသာရေး၊ ဘာသာစကား အုပ်စုများ၏ ကိုယ်စားလှယ်များပါဝင်သည့် အာဏာမျှဝေထားသည့်အစိုးရ)၊ Mutual Veto (အရေးပါသည့်ဆုံးဖြတ်ချက်များတွင် အစုအချင်းချင်း အပြန်အလှန် အကာအကွယ်ပေးနိုင်သော ဗီတိုအခွင့်အရေး)၊ Proportionality (အာဏာ၊ အရင်းအမြစ်၊ ကိုယ်စားပြုမှုများကို လူဦးရေအချိုးအစားအလိုက်ခွဲဝေခြင်း) တို့ဖြင့် Shared-rule ကို နိုင်ငံရေးအဖွဲ့အစည်းများ (Institution) မှတဆင့် အကောင်အထည်ဖော်နိုင်သည်။ ဖက်ဒရယ်စနစ်သည် Consociational democracy ကို အကောင်အထည်ဖော်ရန် အရေးပါသောအဖွဲ့အစည်းဆိုင်ရာ အခြေခံ အုတ်မြစ်ဖြစ်သည်ဟု Lijphart က ရှုမြင်သည်။

အပြုသဘောဆိုင်ရာသုံးသပ်မှုများအရ Lijphart ၏သီအိုရီသည် ပဋိပက္ခလျော့နည်းစေသည်၊ ဒီမိုကရေစီကိုတည်ငြိမ်စေသည်၊ လူမျိုးရေးစစ်ပွဲများကိုကာကွယ်နိုင်သည်။ တဖက်တွင်လည်း နိုင်ငံရေးအာဏာကို လူမျိုးရေးအခြေခံဖြင့်သာဖွင့်ဆိုခြင်းများဖြစ်ပေါ်လာနိုင်သည်၊ လူ့အဖွဲ့အစည်းကို ပိုမိုကွဲပြားလာစေနိုင်သည်၊ အီလစ်အလွှာများ အချင်းချင်းအကြားကြိတ်၍ အပေးအယူလုပ်ခြင်း (Elite bargain) ကို အလွန်အကျွံအားပေးလာနိုင်သည်ဟု ဝေဖန်ချက်များလည်းရှိသည်။

Arend Lijphart ၏ ဖက်ဒရယ်သီအိုရီအရ Self-rule သည် လူမျိုးရေးအုပ်စုများ၏ လုံခြုံရေးအတွက် အရေးပါသည်။ Shared-rule သည် နိုင်ငံတော်တည်ငြိမ်မှုအတွက် မရှိမဖြစ်ဖြစ်သည်။ ဖက်ဒရယ်စနစ်သည် လူမျိုးရေးကွဲပြားမှုကို ငြိမ်းချမ်းစွာ စီမံနိုင်သောစနစ်ဖြစ်သည်။ ထို့ကြောင့် Lijphart ၏ သီအိုရီသည် ကွဲပြားသော လူ့အဖွဲ့အစည်းများအတွက် ဖက်ဒရယ်ဒီမိုကရေစီ၏ အရေးပါသောမိုဒယ်များထဲမှတခုဖြစ်သည်။

## ၇။ ဝေဖန်ရေးနှင့် ကိုလိုနီခေတ်လွန်အကျိုးဆက်များဆိုင်ရာသီအိုရီများ (Critical and Postcolonial Perspectives)

### ၁။ အခြေခံအမြင်

ဝေဖန်ရေးနှင့် ကိုလိုနီခေတ်လွန်အကျိုးဆက်များဆိုင်ရာသီအိုရီများသည် ဖက်ဒရယ်စနစ်ကို နိုင်ငံရေး အာဏာခွဲဝေခြင်း စနစ်တစ်ခုသာမက သမိုင်း၊ အာဏာဆက်ဆံရေး၊ လူမျိုးရေးနှင့် ကိုလိုနီအမွေအ နှစ်များ၏ ရလဒ်တစ်ခုအဖြစ် ရှုမြင်သည်။

အဓိက မေးခွန်းများမှာ—

- ဖက်ဒရယ်စနစ်သည် အမှန်တကယ် ဒီမိုကရေစီကို မြှင့်တင်နိုင်သလား ?
- ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များ၏ကိုယ်ပိုင်အုပ်ချုပ်ခွင့်သည် ပြည်သူများအတွက်လား၊ ယူနစ်အတွင်း ဦးဆောင်နေသူအီလစ်များအတွက်လား ?
- ဖက်ဒရယ်စနစ်သည် မညီမျှမှုကို အမှန်တကယ်ဖြေရှင်းနိုင်သလား၊ မညီမျှမှုကို ခိုင်မာလာစေသလား ? စသည်တို့ဖြစ်သည်။

၂။ အီလစ်စိုးမိုးမှု (Elite Capture) နှင့် အာဏာမညီမျှမှု

ဝေဖန်ရေးသီအိုရီရှင်များ၏ အရေးပါသောဝေဖန်ချက်တခုမှာ Self-rule သည် ပြည်သူများကို အာဏာကျင့်သုံးခြင်းမှ အကျိုးရှိစေခြင်းထက် ဒေသဆိုင်ရာအီလစ်များကို အာဏာပေးခြင်းဖြစ်လာနိုင်သည်ဟူသောအချက်ဖြစ်သည်။ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အစိုးရများသည် အာဏာရှင်စနစ်အသေးစားများ ဖြစ်လာနိုင်သည်။ လူမျိုးရေးခေါင်းဆောင်များက ပြည်သူကို ဒီမိုကရေစီနည်းကျ ကိုယ်စားပြုမထားနိုင်ပါ။

Shared-rule တွင်လည်း အီလစ်အလွှာများ အချင်းချင်းအကြား ကြိတ်၍ အပေးအယူလုပ်ခြင်း (Elite bargain) များသာအဓိကဖြစ်လာပြီး ပြည်သူ့အသံ ပျောက်ဆုံးနိုင်သည်။ ထို့သို့ဖြစ်လာပါက ဖက်ဒရယ်စနစ်သည် အီလစ်များ မောင်းနှင်သော ဖက်ဒရယ်စနစ် (Elite-driven federalism) ဖြစ်လာနိုင်သည်ဟု ဝေဖန်ကြသည်။

### ၃။ လူမျိုးအခြေပြုဖက်ဒရယ်စနစ်၏ အန္တရာယ် (Ethnic Federalism)

ကိုလိုနီကာလလွန်အခြေအနေများကိုလေ့လာသည့်ပညာရှင်များက လူမျိုးအခြေပြု ဖက်ဒရယ်စနစ် သည် ပဋိပက္ခကို ဖြေရှင်းခြင်းထက် ပိုမိုနက်ရှိုင်းလာစေနိုင်သည်ဟု သတိပေးကြသည်။ အထူးသဖြင့် လူမျိုးရေးအခြေခံဒေသများသည် လူမျိုးရေးအမှတ်အသားသရုပ်ကို ပိုမိုထူထောင်လာစေနိုင်သည်။ "ငါတို့ _ သူတို့" အတွေးအခေါ်ကို အားပေးသည်။ နိုင်ငံရေးပြိုင်ဆိုင်မှုသည် လူမျိုးရေးအခြေခံဖြစ်လာနိုင်သည်။ ခွဲထွက်ရေးလှုပ်ရှားမှုများကို အားပေးလာနိုင်သည်။ အီသီယိုးပီးယားကို လူမျိုးအခြေပြု ဖက်ဒရယ်စနစ် (Ethnic federalism) ၏ အန္တရာယ်ရှိသော ဥပမာအဖြစ် မကြာခဏဖော်ပြကြသည်။

### ၄။ ကိုလိုနီနယ်နိမိတ်များ၏ အကျိုးသက်ရောက်မှု

ကိုလိုနီခေတ်လွန်အကျိုးဆက်အမြင် (Postcolonial perspective) အရ ဖက်ဒရယ်စနစ်များသည် ကိုလိုနီခေတ်တွင်ချမှတ်ထားသောနယ်နိမိတ်များကို အခြေခံထားသောကြောင့် အခြေခံပြဿနာများရှိနေသည်။ နယ်နိမိတ်များသည် လူမျိုးရေး၊ ယဉ်ကျေးမှုအရှိ

အခြေအနေများကိုအလေးထားဘဲ အုပ်ချုပ်ရေးအဆင်ပြေမှုအတွက်သာ သတ်မှတ်ထားခဲ့ကြခြင်းဖြစ်သည်။ ဖက်ဒရယ်ဖွဲ့စည်းပုံသည် ကိုလိုနီအာဏာပိုင်တို့၏လက်ရာကို ဆက်လက်ထိန်းသိမ်းထားခြင်းမျိုး ဖြစ်လာနိုင်သည်။ ဤသို့ဖြစ်ပါက ဖက်ဒရယ်စနစ်သည် ကိုလိုနီစနစ်ဖြိုချဖျက်သိမ်းခြင်း (Decolonization) မပြီးဆုံးသေးသောအခြေအနေမှာပင်ရှိနေနိုင်သည်ဟု ဝေဖန်ကြသည်။

## ၅။ ငြိမ်းချမ်းရေးမညီမျှမှုနှင့် ဘဏ္ဍာငွေခွဲဝေမှုဆိုင်ရာ ဖက်ဒရယ်စနစ်

ဝေဖန်သောဘောဂဗေဒပညာရှင်များက ဖက်ဒရယ်စနစ်သည် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အချင်းချင်း ဖွံ့ဖြိုးရေးမညီမျှမှုကို ပိုမိုကြီးထွားစေနိုင်သည်ဟု ဝေဖန်ကြသည်။ ချမ်းသာသော ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်ဒေသများသည် Self-rule ကို အကျိုးရှိစွာအသုံးချနိုင်သည်။ ဆင်းရဲသော ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်ဒေသများသည် ဘဏ္ဍာရေးအခြေခံမရှိဘဲဖြစ်နေပြီး အမှန်တကယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရနိုင်ချေ။

## ၆။ အတူတကွပူးပေါင်းအုပ်ချုပ်မှု (Shared Rule) နှင့် အများစုလွှမ်းမိုးခြင်း (Majority Domination)

ကိုလိုနီခေတ်လွန်အကျိုးဆက်ရှုထောင့်မှဝေဖန်ချက်များက Shared-rule သည် "အများစုအုပ်စု" ၏ အာဏာသုံးမှုကို ဖုံးကွယ်ထားသောစနစ်တခုဖြစ်နိုင်သည်ဟု ဆိုကြသည်။ ပြည်ထောင်စုအဆင့်တွင် လူဦးရေအများစုအုပ်စုက ဆုံးဖြတ်ချက်များကို ထိန်းချုပ်ထားနိုင်သည်။ အတူတကွပူးပေါင်းအုပ်ချုပ်မှု (Shared-rule) အင်စတီကျူးရှင်းများသည် တန်းတူညီမျှမှုရှိသလိုထင်ရသော်လည်း အမှန်တကယ်မညီမျှနိုင်ပါ။ Shared-rule သည် အမည်ခံသင်္ကေတသဘောအရသာ ပါဝင်မှု (Symbolic inclusion) ဖြစ်လာနိုင်သည်။

## ၇။ ဖက်ဒရယ်စနစ်နှင့် နိုင်ငံရေးအကြမ်းဖက်မှု

လုံခြုံရေးအမြင်မှ ဝေဖန်ချက်များအရ ဖက်ဒရယ်စနစ်သည် ပဋိပက္ခများကို စီမံနိုင်သည်ဟုဆိုသော်လည်း၊ မှန်မှန်ကန်ကန် မစီမံနိုင်ပါက ပဋိပက္ခကို ပိုပြင်းထန်စေနိုင်သည်။ Self-rule အာဏာများကို လက် နက်ကိုင်အဖွဲ့များက အသုံးချလာနိုင်သည်။ ဖက်ဒရယ်စနစ်သည် ငြိမ်းချမ်းရေးအတွက် အာမခံချက်ရှိလှသည်တော့ မဟုတ်ပါ။

## ၈။ ဝေဖန်ရေးရှုထောင့်များမှ အကြံပြုချက်များ

ဝေဖန်ရေးနှင့် ကိုလိုနီခေတ်လွန် အကျိုးဆက်ဆိုင်ရာ လေ့လာသူပညာရှင်များ၏ သီအိုရီများအရ ဖက်ဒရယ်စနစ်အောင်မြင်ရန်—

- ကိုယ်ပိုင်အုပ်ချုပ်ခွင့်သာမက ပြည်သူတဦးချင်းအခွင့်အရေးများ
- လူမျိုးရေးသာမက လူမှုရေးတန်းတူညီမျှမှု
- အီလစ်အလွှာများ အချင်းချင်းအကြား ကြိတ်၍အပေးအယူလုပ်ခြင်း (Elite bargain) များသာမက ပြည်သူများ ပူးပေါင်းပါဝင်သော ဒီမိုကရေစီ (Participatory democracy)
- ဖွဲ့စည်းပုံအခြေခံဥပဒေသာမက နိုင်ငံရေးအင်စတီကျူးရှင်းများတွင် ကိုလိုနီစနစ်ဖြို ချ ဖျက်သိမ်းခြင်း (Decolonization of institutions) တို့ကို အလေးထားရန် လိုအပ်သည်ဟု ဆိုကြသည်။

ဝေဖန်ရေးနှင့် ကိုလိုနီခေတ်လွန်အကျိုးဆက်များဆိုင်ရာအမြင်များအရ—

- ဖက်ဒရယ်စနစ်သည် အလိုအလျောက် ဒီမိုကရေစီ မဖြစ်စေပါ။
- Self-rule သည် အာဏာမျှဝေကျင့်သုံးစေနိုင်သကဲ့သို့ အာဏာအလွဲသုံးစားခြင်းကို လည်း ဖြစ် စေနိုင်သည်။
- Shared-rule သည် အားလုံးပူးပေါင်းပါဝင်မှုကို အာမခံမပေးနိုင်ပါ။
- ဖက်ဒရယ်စနစ်၏အောင်မြင်မှုသည် သမိုင်း၊ လူမှုဖွဲ့စည်းပုံ၊ အာဏာဆက်ဆံရေး၊ နိုင်ငံရေးယဉ် ကျေးမှုတို့အပေါ် မူတည်သည်။

ဝေဖန်ရေးနှင့် ကိုလိုနီခေတ်လွန်အကျိုးဆက်ဆိုင်ရာ အမြင်ရှုထောင့်အရ ဖက်ဒရယ်စနစ်ကို “အမြဲတမ်း မေးခွန်းထုတ်ရန် လိုအပ်သော နိုင်ငံရေးဖြစ်စဉ်တခု” အဖြစ် ရှုမြင်ကြသည်။

## အဆုံးသတ်သုံးသပ်ချက်

ဖက်ဒရယ်စနစ်သည် သီအိုရီတခုတည်းမဟုတ်ဘဲ အတွေးအခေါ်၊ ဥပဒေ၊ လူမှုရေး၊ စီးပွားရေးနှင့် စံတန်ဖိုးအမြင်များပေါင်းစည်းထားသည့် သီအိုရီအစုတခုဖြစ်သည်။ ဖက်ဒရယ်စနစ်ကို အပြည့်အဝနားလည်ရန် သီအိုရီတမျိုးတည်းကို ဇောင်းပေးလေ့လာခြင်း မပြုဘဲ အမြင်များအားလုံးကို ပေါင်းစပ်စဉ်းစားရန် လိုအပ်ပါသည်။ ဖက်ဒရယ်သီအိုရီများအရ ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် အတူတကွပူးပေါင်းအုပ်ချုပ်ခြင်းကို ကျင့်ဝတ်ဆိုင်ရာ မူဝါဒများအဖြစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ယန္တရားများအဖြစ်၊ လူမှုအခြေအနေမှန်များအဖြစ်၊ နိုင်ငံရေးလုပ်ငန်းစဉ်

များအဖြစ်၊ ထိရောက်မှုအတွက် အသုံးချကိရိယာများအဖြစ်၊ တရားမျှတမှု သို့မဟုတ် အာဏာလွှမ်းမိုးမှု၏ နည်းလမ်းများအဖြစ် အမျိုးမျိုးကွဲပြားစွာ နားလည်ကြပါသည်။ သီအိုရီအမြင်တခုခု သို့မဟုတ် အနည်းငယ်ကိုသာ တရားသေဆုပ်ကိုင်ခြင်းမျိုးမလုပ်ပဲ သီအိုရီရှုထောင့်စုံမှရှုမြင်သုံးသပ်နိုင်မှသာလျှင် မြန်မာနိုင်ငံတွင် အသစ်တည်ဆောက်မည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်အား အောင်မြင်စွာ ဒီဇိုင်းတည်ဆောက်နိုင်မည်ဖြစ်သည်။ အတူတကွပူးပေါင်းအုပ်ချုပ်ခွင့်မရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်သည် ကွဲပြားခွဲထွက်မှုကို ဖြစ်စေနိုင်ပြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရှိသော အတူတကွ ပူးပေါင်းအုပ်ချုပ်ခွင့်သည် အာဏာလွှမ်းမိုးမှုကို ဖြစ်စေနိုင်သည်။ ဖက်ဒရယ်နိုင်ငံတခု၏ တည်ငြိမ်မှုသည် အခြေအနေအလိုက် ချိန်ညှိထားသည့် အပြန်အလှန်မှျခြေရှိမှုအပေါ် မူတည်နေပါသည်။

**မိုးသန်**

Reference


1. The Spirit of Laws (Baron de Montesquieu, Charles de Secondat), (London: T. Evans, 1777), 4 vols. Vol. 2.

2. The Federalist Papers

3. Kenneth Clinton Wheare, Federal Government, Oxford University Press, 1963

4. William S. Livingston, Federalism in the Commonwealth : A Bibligraphical Commentary, THE HANSARD SOCIETY BY CASSELL – LONDON, 1963

5. Carl J. Friedrich, Constitutional Government and Democracy : Theory and Practice Europe and America, OXFORD & IBH PUBLISHING CO. Calcutta • Bombay • New Delhi, 1950

6. Daniel J. Elazar, Exploring Federalism, University of Alabama Press, 1987

7. Ronald L. Watts, Comparing Federal Systems in the 1990s (Institute of Intergovernmental Relations), Mcgill Queens University Press, 1996

8. Charles M. Tiebout, A Pure Theory of Local Expenditures, Journal of Political Economy Vol. 64, No. 5 (Oct., 1956), pp. 416-424 (9 pages) Published By: The University of Chicago Press.

9. Wallace E. Oates, The Political economy of fiscal federalism, Lexington, Mass. : Lexington Books, 1977

10. Wallace E. Oates, Fiscal federalism, New York: Harcourt Brace Jovanovich, 1972

11. Will Kymlicka, Politics in the Vernacular: Nationalism, Multiculturalism, and Citizenship, Oxford University Press, USA, 2001

12. Arend Lijphart, Democracy in Plural Societies: A Comparative Exploration, Yale University Press, 2022

13. The Politics of Johannes Althusius: An Abridged Translation of the Third Edition of Politica Methodice Digesta, atque Exemplis Sacris et Profanis Ilustrata, Beacon Press, 1964

# အပိုင်း (၂)

# ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး ချဉ်းကပ်မှုဖြင့်

# ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး

# Bottom-up Federalism

အပိုင်း (၂)

# Bottom-up Federalism

## ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး ချဉ်းကပ်မှုဖြင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး


အနှစ်ချုပ် (Abstract)

Bottom-up Federalism (ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး) ချဉ်းကပ်မှုဖြင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးကို ဖက်ဒရယ်စနစ်၏ အင်္ဂါရပ်တခုဖြစ်သော "ကိုယ်ပိုင်အုပ်ချုပ်ခြင်း" (Self-rule) နှင့် "အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း" (Shared-rule) ဟူသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ပြည်ထောင်စုကို အတူတကွပူးပေါင်းအုပ်ချုပ်ခွင့်မူဘောင်အတွင်း လေ့လာသုံးသပ်သွားမည်ဖြစ်ပါသည်။ ထိုသို့သုံးသပ်ရာတွင် ဖက်ဒရယ်စနစ်၌ ဒင်္ဂါးပြားတခု၏ ခေါင်းနှင့်ပန်းကဲ့သို့ ခွဲခြား၍မရသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် အတူတကွပူးပေါင်းအုပ်ချုပ်ခွင့်နှစ်ခုလုံးကို ပြိုင်တူအလေးထား ဆောင်ရွက်မှသာ ဖက်ဒရယ်စနစ်အင်္ဂါရပ် ပြည့်စုံ၍ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းကိုလည်း အဆင်ပြေအောင်မြင်သွားနိုင်မည်ဖြစ်ကြောင်း တင်ပြသွားမည်ဖြစ်ပါသည်။ သို့ရာတွင် လွတ်လပ်ရေးရရှိသည့်အချိန်မှ ယနေ့တိုင် အဆက်ဆက်သောအာဏာရှင်များက ဗဟိုဦးစီးစနစ်ကို တင်းကြပ်စွာ ကျင့်သုံးခဲ့သောကြောင့် ပင်လုံစာချုပ်တွင် သဘောတူထားခဲ့သည့် ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို စနစ်တကျထူထောင်နိုင်ခြင်း မရှိသလို၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များအား ယနေ့ထိတိုင် အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပေ။ ထို့ကြောင့် နွေဦးတော်လှန်ရေးတွင် အဓိကပန်းတိုင်တခုအဖြစ် သတ်မှတ်ထားသော "ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး" လုပ်ငန်းစဉ်ကို "ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး" (Bottom-up Federalism) ချဉ်းကပ်မှုဖြင့် အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း တင်ပြဆွေးနွေးသွားမည်ဖြစ်ပါသည်။

နိဒါန်း

Bottom-up Fedralism (ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စု အားကောင်းရေး) ကို ချဉ်းကပ်မှုဖြင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးချဉ်းကပ်မှုကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၁၈-၂၂) ရက်များတွင် ကျင်းပခဲ့သည့် "အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းအဖွဲ့" (Transitional Constitution Working Group-TCWG) အစည်းအဝေးတွင် တရားဝင်သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။ ထိုအစည်းအဝေးတွင် "အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေ" ကို အသွင်ကူးပြောင်းရေးကာလတွင် "ပြုလွယ်ပြင်လွယ်" ဖြစ်စေရန် "ဖွဲ့စည်းပုံအခြေခံဥပဒေ" အဖြစ် ရေးဆွဲပြဋ္ဌာန်းခြင်းမပြုဘဲ "ဖက်ဒရယ်အသွင်ကူးပြောင်းရေးအစီအမံများဆိုင်ရာအခြေခံဥပဒေ" (Articles of Federal Transitional Arrangement-AFTA) အဖြစ် ရေးဆွဲပြဋ္ဌာန်းရန် သဘောတူခဲ့ကြပါသည်။

ထိုအစည်းအဝေးတွင် "ဖက်ဒရယ်အသွင်ကူးပြောင်းရေးအစီအမံများဆိုင်ရာအခြေခံဥပဒေ" ကို ရေးဆွဲရာတွင် အခြေခံရမည့် "အခြေခံသဘောထားအယူအဆများနှင့် အခြေခံမူများ" (၁၂) ချက်ကိုလည်း အောက်ပါအတိုင်း သဘောတူနိုင်ခဲ့ကြပါသည်။

၁။ ပြုသာပြင်သာရှိခြင်း (Flexibility)

၂။ အသွင်ကူးပြောင်းမှုကို ဦးတည်ခြင်း (Transitionality)

၃။ ဖက်ဒရယ်မူကို အခြေခံသော အသွင်ကူးပြောင်းရေးကာလ နယ်မြေသတ်မှတ်ချက်များကို အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ် အုပ်ချုပ်ရေး ယူနစ်များ အဖြစ် အခြေခံခြင်း (Transitional administrative units based on federal principles)

၄။ အများပါဝင်နိုင်မှုကို ဦးတည်ခြင်း (Inclusivity)

၅။ တည်ငြိမ်မှုကို ဖန်တီးခြင်း (Stability)

၆။ ယုံကြည်မှုတည်ဆောက်ခြင်း (Trust building)

၇။ အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု ဖော်ဆောင်ခြင်း (Transitional Justice)

၈။ အနာဂတ်အတွက် ပြင်ဆင်ခြင်း (preparing for the future)

၉။ တရားဥပဒေစိုးမိုးခြင်း (Rule of Law)

၁၀။ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း (Resettlement and Reconstruction)

၁၁။ လုံခြုံရေးတပ်ဖွဲ့များ စီမံခြင်း (Security arrangement)

၁၂။ အမျိုးသမီးနှင့်ဂျဲန်ဒါ (Women and Gender)

ထိုအစည်းအဝေးတွင် "အခြေခံသဘောထားအယူအဆများနှင့် အခြေခံမူ" (၁၂) ချက်ကို သဘောတူနိုင်ခဲ့ကြသည့်အပြင် အောက်ဖော်ပြပါ Bottom-up Federalism ၏အခြေခံမူ (၃) ချက်ကိုလည်း သဘောတူနိုင်ခဲ့ကြပါသည်။ ယင်းတို့မှာ-

(၁) အချုပ်အခြာအာဏာ (Sovereignity)

အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များသည် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များနှင့် ၎င်းပြည်နယ်/ ဖက်ဒရယ်ယူနစ်များအတွင်းရှိ ပြည်သူလူထုများဖြစ်ကြသည်။

(၂) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination)

ပြည်နယ်/ ဖက်ဒရယ်ယူနစ်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံသည်။

(၃) အာဏာခွဲဝေကျင့်သုံးခြင်း (Division of Powers)

Sovereignity၊ Solidarity၊ Subsidiarity၊ and Proposional Priciples များကို အခြေခံပြီး လုပ်ပိုင်ခွင့်အာဏာခွဲဝေရေးကို လုပ်ဆောင်သွားမည်။

Bottom-up Federalism (ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး) ချဉ်းကပ်မှုဖြင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအခြေခံမူ (၃) ချက်ကို အောက်ပါအတိုင်း ဆက်လက်၍ တင်ပြဆွေးနွေးသွားမည်ဖြစ်ပါသည်။

## (၁)

## အချုပ်အခြာအာဏာ

## (Sovereignty)

အေဒီ ၃၁၂ ခုနှစ်တွင် ကွန်စတန်တင်ဘုရင် (Emperor Constantine) က ရောမ အင်ပါယာကြီးကို ခရစ်ယာန်အင်ပါယာအဖြစ် ပြောင်းလဲကြေညာခဲ့ပြီးနောက်၊ ခရစ်ယာန် ဘာသာ၏လွှမ်းမိုးမှု တဖြည်းဖြည်းကြီးမားလာခဲ့ပါသည်။ အေဒီ ၈၀၀ တွင် Holy Roman Empire ဟုပြောင်းလဲခေါ်ဆိုပြီးနောက် ခရစ်ယာန်ဘာသာသည် ဘာသာရေးကိစ္စတွင်သာ မက နိုင်ငံရေးကိစ္စအလုံးစုံကိုပါ လွှမ်းမိုးလာခဲ့ပါသည်။ ၁၃၅၆ ခုနှစ်တွင် Holy Roman Empire ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဟု ခေါ်ဆိုနိုင်သည့် Golden Bull ကို ထုတ်ပြန်ကြေညာ ခဲ့ပါသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥရောပတိုက်ရှိ ဘုရင်အုပ်ချုပ်သည့်နိုင်ငံများနှင့် မြေရှင်ပဒေသရာဇ်များ အုပ်ချုပ်သည့်နယ်ပယ်တချို့တွင် ဘုရင်များနှင့် မြေရှင်ပဒေသရာဇ် မင်းတို့ကို အခွန်ကောက်ယူပိုင်ခွင့်၊ ငွေကြေးသွန်းလောင်း၊ ထုတ်လုပ်ခွင့်နှင့် တရားစီရင်ရေး အာဏာများ အပါအဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးအပ်ခဲ့ပါသည်။ ထိုအခါ အချုပ်အခြာအာဏာ သည် Holy Roman Empire ၏ ပုပ်ရဟန်းမင်းကြီးလက်ထဲတွင်သာ ဆက်ရှိနေသလား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိသော ဘုရင်များနှင့် မြေရှင်ပဒေသရာဇ်မင်းများထံတွင် ရှိနေသလား ဟူသော "အချုပ်အခြာအာဏာ" နှင့်ပတ်သက်သည့် နိုင်ငံရေးမေးခွန်းများ စတင်ပေါ်ပေါက် ခဲ့ပါသည်။

၁၅၁၇ ခုနှစ်တွင် ခရစ်ယာန်ဘာသာအတွင်း မာတင်လူသာ ဦးဆောင်သော "ပရို တက်စတင့်" (Protestant) လှုပ်ရှားမှု ပေါ်ပေါက်ခဲ့သည်။ ယင်းလှုပ်ရှားမှုကြောင့် ခရစ်ယာန် ဘာသာအတွင်း "ရိုမန်ကက်သလစ်" (Roman Catholic) နှင့် "ပရိုတက်စတင့်" (Protestant) ဟူ၍ ခရစ်ယာန်ဘာသာရေးဂိုဏ်း (၂) ခုပေါ်ပေါက်လာခဲ့သည်။ ထိုဘာသာရေးဂိုဏ်း (၂) အကြား ပဋိပက္ခသည် အလွန်ကြီးမားပြီး ဘာသာရေးဖြင့် ဖြေရှင်း၍မရသည့်အဆုံး စစ်ရေး နည်းဖြင့် ဖြေရှင်းရသည်အထိဖြစ်သွားခဲ့ပါသည်။ ဤသို့ဖြင့် နှစ်သုံးဆယ် ဘာသာရေးစစ်ပွဲ (၁၆၁၈– ၁၆၄၈) ကို နောက်ဆုံးအဆင့်ဆင်နွှဲပြီး၊ ၁၆၄၈ ခုနှစ်တွင် Westphalia Agreement ဖြင့် အဆုံးသတ်ခဲ့ကြပါသည်။ Westphalia Agreement သည် အနှစ်သုံးဆယ်ဘာသာ ရေးစစ်ကို အဆုံးသတ်နိုင်ခဲ့ရုံသာမက ခေတ်သစ်အမျိုးသားနိုင်ငံတော်များကို ပေါ်ထွန်းစေ သည့်စာချုပ်တရပ်လည်း ဖြစ်ပါသည်။ ထိုစာချုပ်ကို လက်တင်ဘာသာစကားဖြင့် ဝါကျနှစ် ကြောင်းတည်းဖြင့် ရေးသားထားပါသည်။ ယင်းမှာ– "Cujus Regio, Ejus religio" ဟူ၍ ဖြစ်သည်။ "ရှင်ဘုရင်၏ ကိုးကွယ်သောဘာသာကို တိုင်းသူပြည်သားအားလုံးက လိုက်၍ကိုးကွယ် ကြပါစေ" ဟု အကြမ်းဖျင်းဘာသာပြန်၍ရမည်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဘုရင်သည် ကက်သလစ်ဖြစ်ပါက၊ တိုင်းသူပြည်သားများလည်း ကက်သလစ်ခရစ်ယာန်ဂိုဏ်းဝင်များ ဖြစ်

ကြပါစေ။ ရှင်ဘုရင်သည် ပရိုတက်စတင့်ဖြစ်ပါက တိုင်းသူပြည်သားများလည်း ပရိုတက်စတင့်ခရစ်ယာန်ဂိုဏ်းဝင်များ ဖြစ်ကြပါစေဟူ၍ဖြစ်သည်။

ထိုကဲ့သို့ ရှင်ဘုရင်ကို ဗဟိုပြု၍ ၎င်းကိုးကွယ်သောဘာသာ၊ ၎င်းပြောဆိုသော ဘာသာစကား၊ ၎င်း၏လူမျိုးဖြစ်ခြင်းတို့ကို အခြေခံသော လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော "အမျိုးသားနိုင်ငံ" များ ဥရောပတွင် အသီးသီးပေါ်ပေါက်ခဲ့ကြပါသည်။ ဘုရင်ကို ဗဟိုပြု၍ ထူထောင်သော အမျိုးသားနိုင်ငံတော်ဖြစ်သောကြောင့် အချုပ်အခြာအာဏာသည် ရှင်ဘုရင်လက်ထဲတွင်သာရှိရမည်ဟူသောအယူအဆနှင့်အတူ အမျိုးသားနိုင်ငံထူထောင်ခြင်း (Nation - Building) ကိုလည်း လူမျိုး၊ ဘာသာနှင့် သာသနာသုံးခုကို အခြေခံ၍တည် ဆောက်ရမည်ဟူသော နိုင်ငံရေးအတွေးအခေါ်များ တပြိုင်နက်တည်း ပေါ်ပေါက်လာခဲ့ပါသည်။

အချုပ်အခြာအာဏာသည် ယခင်က Holy Roman Empire ၏ ပုပ်ရဟန်းမင်းကြီးလက်ထဲတွင်သာ အကြွင်းမဲ့ရှိသည်။ ယင်းသည် အချုပ်အခြာအာဏာအားလုံး၏ အရင်းအမြစ်ဖြစ်သော ဘုရားသခင် (Sovereign Lord) က ခွင့်ပြုသဖြင့် ပုပ်ရဟန်းမင်းကြီးထံတွင် အပ်နှင်းထားသောအာဏာဖြစ်သည်။ ထို့ကြောင့် ၎င်းအာဏာကို ပိုင်းခြားကျင့်သုံး၍လည်း မရ၊ ခွဲဝေကျင့်သုံး၍လည်း မရဟူသော ဘာသာရေးအခြေခံသည့် နိုင်ငံရေးအတွေးအခေါ် (religiopoliticoideology) ဖြစ်ပါသည်။ မာတင်လူသာ ဦးဆောင်သော ပရိုတက်စတင့်ဂိုဏ်းလှုပ်ရှားမှု ပေါ်ပေါက်ပြီးနောက်ပိုင်းတွင် ပုပ်ရဟန်းမင်း၏ အချုပ်အခြာအာဏာ ပိုင်စိုးမှုကိုအတွေးအခေါ်ရှင်များက တဖြည်းဖြည်း စိန်ခေါ်ခဲ့ကြပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ထင်ရှားသည့်အတွေးအခေါ်ရှင်များမှာ– Jean Bodin (1530- 1596)၊ Thomas Hobbes (1588-1679) နှင့် Johannes Althusius (1563-1638) တို့ဖြစ်သည်။ (Jean Bodin က သူ၏ထင်ရှားသော Six Books of the Republic (Les Six Livres de la République) ကို ၁၅၇၆ ခုနှစ်တွင် ရေးသား ထုတ်ဝေခဲ့သည်။ Thomas Hobbes က Leviathan ဆိုသည့်စာအုပ်ကို ၁၆၅၁ ခုနှစ်တွင် လည်းကောင်း၊ Johannes Althusius က Politica Methodice Digesta ကို ၁၆၀၃ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့ပါသည်။ ဤစာတမ်းတွင် Bodin နှင့် Althusius တို့၏အတွေးအခေါ်ကိုသာ တင်ပြဆွေးနွေးမည်။

Jean Bodin ၏အတွေးအခေါ်သည် ခရစ်ယာဘာသာတရားကို အခြေခံသော နိုင်ငံရေးအမြင်ဖြစ်သည်။ သူ့အဆိုအရ အချုပ်အခြာအာဏာသည် ဘုရားသခင်က ပုပ်ရဟန်းမင်းကြီးထံအပ်နှင်းထားသောအာဏာဖြစ်သည်။ ယခု ဘုရားသခင်၏အလိုတော်အတိုင်း ပုပ်ရဟန်းမင်းကြီး၏လက်ထဲမှ ရှင်ဘုရင်များလက်ထဲသို့ ရွေ့လျားလာခြင်းဖြစ်သည်။ ထို့ကြောင့် အချုပ်အခြာအာဏာသည် ဘုရင့်လက်ထဲတွင် အကြွင်းမဲ့တည်သည်။ ယင်းကို ပိုင်းခြားကျင့်သုံး၍လည်း မရ၊ ခွဲဝေကျင့်သုံး၍လည်း မရဟူသောအမြင်ကို တင်ပြခဲ့ပါသည်။ ထို့ကြောင့် အချုပ်အခြာအာဏာသည် Holy Roman Empier တွင်သာ မရှိရ။ လွတ်လပ်သော အမျိုးသားနိုင်ငံတော်

များထံတွင်လည်း ရှိနိုင်သည်ဟု "Sovereign Power of the state should be centralized, absolute and indivisible; and secondly, the Supreme Sovereign Power should reside in a Monarch, answerable only to God and Natural Law." ဟု ရေးသားခဲ့သည်။ ယင်း၏ဆိုလိုရင်းမှာ "အချုပ်အခြာအာဏာကို ဘုရင်မင်းမြတ်က ပိုင်ဆိုင်သည်။ ဘုရင်မင်းမြတ်၏ အချုပ်အခြာ အာဏာပိုင်ဆိုင်ခြင်းသည် ဘုရားသခင်၏အလိုတော်အတိုင်းဖြစ်၍ လောကနိယာမတရားနှင့်လည်း ကိုက်ညီသည်။ ဘုရင်မင်းမြတ်ထံမှဆင်းသက်လာသော အချုပ်အခြာအာဏာကိုကျင့်သုံး၍ ဗဟိုဦးစီးစနစ်ဖြင့် တိုင်းပြည်ကို တင်းကြပ်စွာ အုပ်ချုပ်ရမည်။ ဘုရင်မင်းမြတ်ပိုင်ဆိုင်သော အချုပ်အခြာအာဏာသည် အကြွင်းမဲ့ဖြစ်၍ ပိုင်းခြားကျင့်သုံး၍လည်း မရ၊ ခွဲဝေကျင့်သုံး၍လည်း မရ" ဟု အဓိပ္ပာယ်ကောက်ယူ၍ ရမည်ဖြစ်ပါသည်။

၁၆၄၈ ခုနှစ်တွင် Westphalia Agreement ကို လက်မှတ်ရေးထိုးကြပြီးနောက် ပေါ်ပေါက်လာကြသော "အမျိုးသားနိုင်ငံတော်" အများစုက Jean Bodin အဓိပ္ပာယ်ဖွင့်ဆိုခဲ့သော "အချုပ်အခြာအာဏာကိုပိုင်ဆိုင်ခြင်းသဘောတရား" ကို လက်ခံ၍ ကျင့်သုံးခဲ့ကြပါသည်။ သို့ရာတွင် ခေတ်ကာလ ပြောင်းလဲတိုးတက်သည်နှင့်အမျှ ရှင်ဘုရင်၏အကြွင်းမဲ့အာဏာပိုင်ဆိုင်ခြင်းကို တဖြည်းဖြည်းစိန်ခေါ်လာခဲ့ကြပါသည်။ ထို့ကြောင့် ဥရောပနိုင်ငံ အများစုတွင် ရှင်ဘုရင်၏အကြွင်းမဲ့အာဏာရှင်စနစ်မှ စည်းမျဉ်းခံဘုရင်စနစ်သို့ တဖြည်းဖြည်းပြောင်းသွားကြသည်။ အချုပ်အခြာအာဏာကို အဓိပ္ပာယ်ဖွင့်ဆိုပုံလည်း ပြောင်းလဲလာခဲ့ပါသည်။ ဥပမာ– အင်္ဂလန်တွင် ဘုရင်စနစ်ကို ထောက်ခံသောအင်အားစုနှင့် ပါလီမန်စနစ်ကို ထောက်ခံသောအင်အားစုများအကြား ပြည်တွင်းစစ်ကြီး (၁၆၄၂–၄၇) ဖြစ်ပွားခဲ့ပါသည်။ ထိုပြည်တွင်းစစ်တွင် Oliver Cronwell ဦးဆောင်သော ပါလီမန်စနစ်ထောက်ခံသူများအနိုင်ရရှိသောကြောင့် "အချုပ်အခြာအာဏာသည် ပါလီမန်၌တည်သည်" ဟူသောအယူအဆပေါ်ထွန်းခဲ့ပါသည်။ ထိုနည်းအတိုင်း ပြင်သစ်တော်လှန်ရေးအလွန် နပိုလီယန်စစ်ပွဲကာလတွင် "အချုပ်အခြာအာဏာသည် နိုင်ငံတော်၌တည်သည်" ဟူသော အတွေးအခေါ်ပေါ်ပေါက်လာခဲ့သည်။ အမေရိကန်တော်လှန်ရေးအပြီးတွင် "အချုပ်အခြာအာဏာသည် နိုင်ငံသားတို့ထံမှ ဆင်းသက်သည်" ဟူသောအတွေးအခေါ်လည်း ပေါ်ပေါက်လာ၍ ယင်းကို ယနေ့အထိ ကမ္ဘာ့နိုင်ငံအများစုက လက်ခံကျင့်သုံးနေကြပါသည်။

Jean Bodin ၏ချဉ်းကပ်မှုနှင့်မတူသော "အချုပ်အခြာအာဏာ" နှင့်ပတ်သက်သည့် အတွေးအခေါ်တရပ်ကို Johanness Althusisus က ၁၆၀၃ ခုနှစ်တွင် Politica Methodice Digesta ဟူသောစာအုပ်ကို ရေးသားပြီးတင်ပြခဲ့ပါသည်။ Althusisus ၏အတွေးအခေါ်သည် "ယုံကြည်ခြင်း" (Fides) ဖြင့် "ပဋိညာဉ်ပြုခြင်း" (Foedus) ဟူသော ခရစ်ယာန်ဘာသာရေးအယူဝါဒကို အခြေခံသည့် "ပဋိညာဉ်ပြုခြင်းသီအိုရီ" (Covenant Theory) ဖြစ်ပါသည်။ ထိုသီအိုရီအရ ဘုရားသခင်သည် လူသားအားလုံးကို သူ့သဏ္ဌာန်တော်နှင့်အညီ တန်းတူရည်တူ

ဖန်ဆင်းပြီး လူသားတဦးချင်းစီ၏ မွေးရာပါအခွင့်အရေးများကိုလည်း တန်းတူရည်တူပေးထားသည်။ ထို့အပြင် လူသားတိုင်းက မိမိတို့ ဘဝသုခ ရှာဖွေဖန်တီးခွင့် (The Pursuit of Happiness) ကိုလည်း ပေးထားသည်။ ထိုယုံကြည်ခြင်းကို ဘုရားသခင်နှင့်လူသားတို့အကြား ပဋိညာဉ်ပြုခြင်းဖြင့်သော်လည်းကောင်း၊ လူသားအချင်းချင်းအကြား ပဋိညာဉ်ပြုခြင်းဖြင့်သော်လည်းကောင်း၊ လူ့အဖွဲ့အစည်းအတွင်း အကောင်အထည်ဖော်ကျင့်သုံးရမည် (Covenant between God and Men; and between Man and Man) ဟူသောအတွေးအခေါ်ဖြစ်ပါသည်။ Althusisus ၏အမြင်နှင့် အလွန်နီးစပ်သော Covenant Theory ကို Heinrich Bullinger (1504- 1575) ကလည်း တင်ပြခဲ့ပါသည်။ သူတို့နှစ်ဦး၏ အတွေးအခေါ်သည် ဖက်ဒရယ်စနစ်ကို ပျိုးထောင်ပေးခဲ့သောအတွေးအခေါ်များ ဖြစ်ကြပါသည်။

Althusisus ၏ပဋိညာဉ်ပြုခြင်းသီအိုရီအရ ဘုရားသခင်နှင့် လူသားတို့အကြား ပဋိညာဉ်ပြုရာတွင် ကြားခံလူရှိရန် မလိုအပ်ပေ။ ယခင်က ယုံကြည်ခဲ့သော ဘုရားသခင်နှင့် လူသားတို့အကြားတွင် "ကြားခံလူ" အဖြစ် ပုပ်ရဟန်းမင်းကြီးရှိသည်ဟူသောအယူအဆနှင့် ရှင်ဘုရင်များသည် ဘုရားသခင်၏ကိုယ်စား ဤကမ္ဘာလောကတွင် တိုင်းပြည်နှင့်လူမျိုးတို့ကို အုပ်ချုပ်သည့် အကြွင်းမဲ့အချုပ်အခြာအာဏာပိုင်အရှင်သခင်များ ဖြစ်ကြသည်ဟူသော အယူအဆ နှစ်ခုစလုံးကို ပယ်ချခဲ့ပါသည်။ လူသား အချင်းချင်းအကြား ပဋိညာဉ်ပြုခြင်းဖြင့် လူအများစုက လက်ခံနိုင်သောအစိုးရကို မိမိတို့ကိုယ်တိုင် ရွေးချယ်တင်မြှောက်ကြရမည်ဟူသော အယူအဆကိုလည်း လက်ခံလာကြပါသည်။ ဤသို့ဖြင့် Althusisus ၏ "ပဋိညာဉ်ပြုခြင်းသီအိုရီ" သည် သဟဇာတရှိသောလူ့အဖွဲ့အစည်းတည်ဆောက်ခြင်း (Hermonious Society) မှစ၍ တိုင်းပြည်တခုကို မိမိတို့ဆန္ဒအရ ပူးပေါင်း၍ ဖွဲ့စည်းထူထောင်ခြင်း (Voluntary Association) အပါအဝင် လူထုက ရွေးကောက်တင်မြှောက်သောအစိုးရအုပ်ချုပ်ရေးစနစ်အထိ တဖြည်းဖြည်းကျယ်ပြန့်လာခဲ့ပါသည်။ ထိုကဲ့သို့ ယုံကြည်ခြင်းကို အခြေခံ၍ ပဋိညာဉ်ပြုခြင်းဖြင့် သာယာသောလူ့အဖွဲ့အစည်း တည်ဆောက်ရေးမှစ၍ မိမိတို့ဆန္ဒအရ ပူးပေါင်းခြင်းဖြင့် ဖက်ဒရယ်ပြည်ထောင်စုကို အတူတကွထူထောင်ခြင်းအထိ "ဖက်ဒရယ်တည်ဆောက်ရေးဖြစ်စဉ်" ကို "Bottom-up Federalism" ဟု ပညာရှင်များက နောက်ပိုင်းကင်ပွန်းတပ်ပေးခဲ့ကြပါသည်။[1]

Althusisus ၏အတွေးအခေါ်ကို ပထမဆုံးလက်တွေ့ကျင့်သုံးသောအသင်းအဖွဲ့မှာ ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့များဖြစ်ကြသည်။ ၁၆၆၂ ခုနှစ်တွင် နယူးအင်္ဂလန်ရှိ ဘော့စတွန်မြို့ (Boston, New England) ၌ ကျင်းပခဲ့သော ခရစ်ယာန်အသင်းတော်ကောင်စီ (Synod) က "New England Confideration" ကို ဖွဲ့စည်းပြီး "Act of Uniformity" ဟူသော ဥပဒေကျင့်ထုံးတခုကို အသင်းတော်အတွက် ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေ၏အကျိုးသက်ရောက်မှုမှာ ခရစ်ယာန်အသင်းတော်အတွင်း နှစ်ခြင်းခံသူများနှင့် နှစ်ခြင်းမခံသေးသူများကို တန်းတူရည်တူပူးပေါင်းဆက်ဆံခွင့်ပြုခြင်းပင်ဖြစ်ပါသည်။ ယင်းသည်

ထိုခေတ်ကာလတွင် အလွန်ရှေ့ပြေးခေတ်မီသော ခရစ်ယာန်ဘာသာရေးအတွေးအခေါ်တရပ်ပင် ဖြစ်ပါသည်။

Boston Synod က ဖွဲ့စည်းခဲ့သော New England Confedration သည် အမေရိကန်ပြည်ထောင်စု လွတ်လပ်ရေးရရှိပြီး ၁၇၇၈ ခုနှစ်တွင် ရေးသားပြဋ္ဌာန်းသည့် "Articles of Confederation" ၏ ရှေ့ပြေးဖြစ်သည်ဟု ပညာရှင်တချို့က ဆိုကြပါသည်။ သို့ရာတွင် "Articles of Confederation" သည် ဖက်ဒရယ်စနစ်ကို ဦးတည်ခြင်းမဟုတ်ဘဲ "မိတ်ဟာယအဖွဲ့နိုင်ငံများ" (Confederation) ကို ဦးတည်ခဲ့ပါသည်။ ထို့ကြောင့် ယင်း၏ပုဒ်မ (၂) တွင်- ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက အချုပ်အခြာအာဏာသာမက လွတ်လပ်ခွင့် (Freedom) နှင့် လွတ်လပ်ရေး (Independence) တို့ကို ဆက်လက်ထိန်းသိမ်းနိုင်ကြောင်း အောက်ပါ အတိုင်း ရေးသားပြဋ္ဌာန်းခဲ့ပါသည်။

Article (2) : Each State retains its Sovereign, Freedom and Independence and every Power, Jurisdiction and right, which is not by this confederation expressly delegated to the United States in Congress assembled.

Articles of Confederation ကို အစားထိုးကျင့်သုံးရန် အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၇၈၇ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းသောအခါ ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များတွင် အချုပ်အခြာအာဏာ ပြိုင်တူရှိခြင်းကို လက်ခံခဲ့ကြသည်။ အချုပ်အခြာအာဏာသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များ အတွင်းနေထိုင်ကြသော ပြည်သူလူထုထံမှဆင်းသက်သည်။ ထို့ကြောင့် အချုပ်အခြာအာဏာ၏မူရင်းပိုင်ရှင်များဖြစ်ကြသော နိုင်ငံ သားတို့၏ မူရင်းတည်နေရာသည် ပြည်နယ်များဖြစ်ကြသည်။ ပြည်နယ်များသည် သက်ဆိုင်ရာပြည်နယ် နယ်နိမိတ်များကို ပိုင်ဆိုင်ကြသည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တခုချင်းစီက ပိုင်ဆိုင်ထားကြသော နယ်နိမိတ်အားလုံးကို စုစည်း၍ အတူတကွ ပူးပေါင်းဖွဲ့စည်းသောအခါ ပြည်ထောင်စုနယ်နိမိတ်ဖြစ်လာပါသည်။ ထို့ကြောင့် အချုပ်အခြာအာဏာသည် ပြည်နယ်များမှစတင်၍ ပြည်နယ်အားလုံးက ပူးပေါင်း၍ ဖွဲ့စည်းထူထောင်ထားသော ပြည်ထောင်စုနယ်နိမိတ်အားလုံး၌ စုစည်း၍တည်ရှိသည်။ ဤသို့ဖြင့် ဖက်ဒရယ်စနစ်တွင် အချုပ်အခြာအာဏာသည် ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များတွင် တပြိုင်နက်တည်း တည်ရှိကြောင်း အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းချက် (၂) ခုဖြင့် ဖော်ပြပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ယင်းတို့မှာ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းပြည်၏အမြင့်ဆုံးဥပဒေဖြစ်သည်ဟူသော ပြဋ္ဌာန်းချက်နှင့်၊ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခွင့်ရှိသည်ဟူသော ပြဋ္ဌာန်းချက် တို့ဖြစ်ပါသည်။

ဖက်ဒရယ်စနစ်တွင် ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ အတူတကွ ပူးပေါင်းပိုင်ဆိုင်ထားသော အချုပ်အခြာအာဏာကို ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြား ခွဲဝေကျင့်သုံးကြပါသည်။ ထိုကဲ့သို့ ပြည်ထောင်စုနှင့် ပြည်နယ်များ အကြား အာဏာခွဲဝေကျင့်သုံးခြင်းကို ပိုမိုရှင်းလင်းစွာ နားလည်စေရန် "အချုပ်အခြာအာဏာ" ကို "အတွင်းစည်းအချုပ်အခြာအာဏာ" (Internal Sovereignty) နှင့် "အပြင်စည်း အချုပ်အခြာအာဏာ" (External Sovereignty) ဟူ၍ စစ်အေးအလွန်ကာလတွင် ပေါ်ပေါက် သော ဖက်ဒရယ်အတွေးအခေါ်ပညာရှင်များက ခွဲခြမ်းစိတ်ဖြာ သုံးသပ်ကြပါသည်။[2]

"အတွင်းစည်းအချုပ်အခြာအာဏာ" (Internal Sovereignty) ဆိုသည်မှာ ပြည်ထောင်စုနှင့်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းမှုအရ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ကျင့်သုံးပိုင်ခွင့်ရှိသော အချုပ်အခြာအာဏာခက်မသုံး ဖြာ "ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာ" များကို ဆိုလိုသည်။ "အပြင် စည်းအချုပ်အခြာအာဏာ" (External Sovereignty) ဆိုသည်မှာ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ အတူတကွပူးပေါင်း၍ စုပေါင်းပိုင်ဆိုင်ထားကြသော ပြည်ထောင်စုက လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သောနိုင်ငံတနိုင်ငံအနေဖြင့် ကျင့်သုံးပိုင်ခွင့်ရှိသောအာဏာများကို ဆိုလိုသည်။

စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုစနစ်တွင် "အပြင်စည်းအချုပ်အခြာ အာဏာ" သည် ပြည်ထောင်စုက ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအားလုံးကိုယ်စား ကျင့်သုံး ပိုင်ခွင့်ရှိသောအာဏာဖြစ်၍ "အတွင်းစည်းအချုပ်အခြာအာဏာ" သည် ပြည်ထောင်စုအဖွဲ့ ဝင်ပြည်နယ်များတခုချင်းစီက သက်ဆိုင်ရာပြည်နယ်များအတွင်းကျင့်သုံးပိုင်ခွင့်ရှိသောအာဏာ များ ဖြစ်ကြပါသည်။ ထို့ကြောင့် ဖက်ဒရယ်စနစ်တွင် "အချုပ်အခြာအာဏာသည် ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များအတွင်း နေထိုင်ကြသော ပြည်သူလူထုထံမှ ဆင်း သက်သည်" ဟု အဓိပ္ပာယ် ဖွင့်ဆိုကြပါသည်။

Althusisus တင်ပြသော Bottom-up Federalism ကိုကျင့်သုံးသော ဖက်ဒရယ် တိုင်းပြည်များတွင် နယ်မြေအပိုင်းအခြားရှိသော ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းဖြင့် ဖော်ဆောင်ကျင့်သုံးနိုင်သကဲ့သို့ တချို့တိုင်းပြည်များတွင် နယ် မြေကို အခြေမခံဘဲ၊ လူ့အဖွဲ့အစည်းအတွင်းရှိ ယုံကြည်ရာဘာသာတူညီသူများ၊ ဘာသာ စကားတမျိုးတည်းကိုပြောဆိုသူများ၊ နိုင်ငံရေးအယူဝါဒ တူညီသူများ စသည်ဖြင့် အလွှာလိုက် ကျင့်သုံးနေကြသည်ကိုလည်း တွေ့ရပါသည်။ ယင်းကို "Consociationalism" ဟု ခေါ်ကြ သည်။ ထိုစနစ်ကိုကျင့်သုံးသောတိုင်းပြည်များအနက် နယ်သာလန်နိုင်ငံတွင် ၁၈၅၇ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ နှစ်ပေါင်းတရာကျော် Calvinist, Catholic, Socialist နှင့် အခြားဟူ၍ ဘာသာရေးနှင့် နိုင်ငံရေးအယူဝါဒကို အခြေခံသော အုပ်စု (၄) စုအကြား အာဏာမျှဝေကျင့်သုံး

ခြင်း (Power Sharing) ကို ဆောင်ရွက်ခဲ့ပါသည်။ ဘယ်လ်ဂျီယန်တွင် ၁၉၇၄ ခုနှစ်မှစ၍ ပြင်သစ်စကားပြောအုပ်စုနှင့် Flemish စကားပြော အုပ်စု (၂) စုအကြား အာဏာမျှဝေကျင့်သုံး ခြင်းကို ဆောင်ရွက်ပြီး၊ လက်ဘနွန်တွင် ခရစ်ယာန်နှင့် မွတ်ဆလင်အကြား အာဏာမျှဝေ ကျင့်သုံးခြင်းကို Constitutional Democracy အရ ကျင့်သုံးကြပါသည်။[3]

ဥရောပသမဂ္ဂ (Euopean Union) ထူထောင်ရန် Maastricht Treaty (1992) ကို သဘောတူလက်မှတ်ရေးထိုးကြသောအခါ Bottom-up Federalism သဘောတရား ကို "Subsidiary Principle" ဖြင့် နည်းသစ်ထွင်၍ ကျင့်သုံးကြပါသည်။ အကြောင်းမှာ EU တွင် ဖက်ဒရယ်စနစ်ကိုကျင့်သုံးသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများ ရှိကြသကဲ့သို့ တပြည် ထောင်စုစနစ်ကို ကျင့်သုံးသောအမျိုးသားနိုင်ငံများလည်းရှိကြပါသည်။ Subsidiary Principle သည် Althusisus ၏အတွေးအခေါ်နှင့်ကိုက်ညီသည့် "အစိုးရသည် ယင်းကိုယ်စားပြုသော လူထုနှင့် အနီးကပ်ဆုံးရှိရမည်" ဟူသောအတွေးအခေါ်နှင့်ပေါင်းစပ်၍ လူထုနှင့်အနီးစပ်ဆုံး အစိုးရက တိုက်ရိုက်ဆောင်ရွက်နိုင်ခြင်းမရှိသောကိစ္စရပ်များကိုသာ ပြည်ထောင်စုအစိုးရ (ဖက်ဒရယ်စနစ်) နှင့် ဗဟိုအစိုးရ (တပြည်ထောင်စုစနစ်) တို့က ဝင်ရောက်ဆောင်ရွက်ရမည် ဟူသောအယူအဆကို နည်းစနစ်အသစ်ဖြင့် ဥရောပသမဂ္ဂက လက်တွေ့ကျင့်သုံးခြင်းပင် ဖြစ် ပါသည်။

ဖက်ဒရယ်စနစ်ကို ကျင့်သုံးသော ပြည်ထောင်စုနိုင်ငံတွင်ဖြစ်စေ၊ တပြည်ထောင်စနစ် ကို ကျင့်သုံးသော အမျိုးသားနိုင်ငံတွင်ဖြစ်စေ၊ အချုပ်အခြာအာဏာကို "နိုင်ငံရေးဆိုင်ရာ အချုပ်အခြာအာဏာ" (Political Sovereignty) နှင့် "ဥပဒေဆိုင်ရာအချုပ်အခြာအာဏာ" (Legal Sovereignty) ဟူ၍ နှစ်မျိုးနှစ်စားဖြင့် ခွဲထားပါသည်။ နိုင်ငံရေးဆိုင်ရာအချုပ်အခြာ အာဏာသည် "အချုပ်အခြာအာဏာ၏မူရင်းပိုင်ရှင်များသည် နိုင်ငံသားများဖြစ်ကြသည်" ဟူသောအချက်တွင် အခြေခံသည်။ ဥပဒေဆိုင်ရာအချုပ်အခြာအာဏာသည် "အချုပ်အခြာ အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကျင့်သုံးရမည်" ဟူသောအချက်ကို ရည်ညွှန်းပါသည်။ ယုံကြည်ခြင်းအခြေခံဖြင့် ပဋိညာဉ်ပြု၍ စုပေါင်းထူထောင်ထားသော ဖက် ဒရယ်ပြည်ထောင်စုစနစ်တွင် ပဋိညာဉ်ပြုသူနိုင်ငံသားများ၏ တည်နေရာပြည်ထောင်စုအဖွဲ့ ဝင်ပြည်နယ်များကို အထူးပြု၍ "ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များ အတွင်းနေထိုင်ကြသော ပြည်သူတို့သည် အချုပ်အခြာအာဏာ၏မူရင်းပိုင်ရှင်များဖြစ်ကြ သည်" ဟု အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့် အညီ အချုပ်အခြာအာဏာကို ကျင့်သုံးရာတွင် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အချုပ် အခြာအာဏာ၏ခက်မ သုံးဖြာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာ တို့ကို ခွဲဝေကျင့်သုံးကြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်းမရှိသည့် အင်္ဂလန် ကဲ့သို့သောတိုင်းပြည်တွင် "ဥပဒေဆိုင်ရာအချုပ်အခြာအာဏာ"ကို ပါလီမန်တွင် အပ်နှင်းထား ပါသည်။[4]

## (၂)
## ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်
## (Self-determination)

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟူသောနိုင်ငံရေးဝေါဟာရသည် ပြင်သစ်တော်လှန်ရေးနှင့် အမေရိကန် တော်လှန်ရေးကာလများတွင် စတင်သုံးစွဲခဲ့သော နိုင်ငံရေးအတွေးအခေါ်တရပ် ဖြစ်သည်။ ပြင်သစ်တော်လှန်ရေးကာလ ၁၇၈၉ ခုနှစ်တွင် ရေးသားထုတ်ပြန်ခဲ့သော "The Declaration of Rights of Man and Citizen" နှင့် အမေရိကန်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၇၉၁ ခုနှစ်တွင် ပထမအကြိမ်ပြင်ဆင်ခြင်း (The First Amendment) ဖြင့် ရေးဆွဲပြဋ္ဌာန်းခဲ့သော "The Bill of Rights" တို့သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟူသော နိုင်ငံရေးအတွေးအခေါ်တရပ်ကို မွေးဖွားပေးခဲ့သည့် အတွေးအခေါ်တော်လှန်ရေးစာတမ်းများ ဖြစ်ကြပါသည်။

ပထမကမ္ဘာစစ်ကြီးအပြီး ၁၉၁၈ ခုနှစ်တွင် အမေရိကန်သမ္မတ ဝေ့ဒရောဝဲလ်ဆင် (Woodraw Wilson) က ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် "နိုင်ငံပေါင်းချုပ်အသင်း" ကို ထူထောင်ရန် အဆိုပြုခဲ့သော အချက် (၁၄) ချက်တွင် "လူမျိုးတိုင်းသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိကြပြီး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော လူမျိုးတိုင်းသည်လည်း လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သောနိုင်ငံများကို ထူထောင်ခွင့်ရှိကြသည်" ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သော အဆိုပြုချက်ကို တင်ပြခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ကာလ (၁၉၄၁) ခုနှစ်တွင် အမေရိကန်သမ္မတ ဖရန်ကလင်ရုစဗဲ့ (Franklin D. Roosvelt) နှင့် အင်္ဂလန်ဝန်ကြီးချုပ် ဝင်စတန်ချာချီ (Winston Churchill) တို့က အတ္တလန်တစ်ပဋိညာဉ် (Atlantic Charter) ကို ထုတ်ပြန်ပြီး "လူမျိုးတိုင်းသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံး၍ လွတ်လပ်သောအမျိုးသားနိုင်ငံတော်များ ထူထောင်ခွင့်ရှိသည်" ဟု အဓိပ္ပာယ်ရသော ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ (Respect the Right of all people; to choose the form of government under which they will live; Wish to see sovereign rights and self-government restored to those who have been forcibly deprived of them.)

သို့ရာတွင် သမ္မတဝဲလ်ဆင်၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အတ္တလန်တစ်ကြေညာစာတမ်းတို့သည် ကိုလိုနီဘဝတွင် ကျရောက်ခဲ့သောလူမျိုးများနှင့် တိုင်းနိုင်ငံတို့၏ လွတ်လပ်ရေးကိုသာ ဦးတည်ခဲ့ပြီး လူမျိုးပေါင်းစုံ ရောနှောနေထိုင်သောတိုင်းပြည်များရှိ လူမျိုးအသီးသီးတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အထိ လွှမ်းခြုံသင့်သလောက် မလွှမ်းခြုံနိုင်ခဲ့ပေ။ ၁၉၉၂ ခုနှစ်တွင် "မတ်စ်

ထရစ်သဘောတူညီချက်” (Maastricht Treaty) ကို ထုတ်ပြန်သောအခါ ထိုပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် “ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်” ကို နှစ်မျိုးနှစ်စား ခွဲခြားပြီး အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပါသည်။ ယင်းတို့မှာ– “အပြင်စည်းကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်” (External Self-determination) နှင့် “အတွင်းစည်းကိုယ်ပိုင်ပြဋ္ဌာန်းခွင့်” (Internal Self- determination) တို့ဖြစ်ပါသည်။

“အပြင်စည်းကိုယ်ပိုင်ပြဋ္ဌာန်းခွင့်” (External Self-determination) သည် “လွတ်လပ် ၍ အချုပ်အခြာအာဏာပိုင်ဆိုင်ထားသောနိုင်ငံများက ကျင့်သုံးပိုင်ခွင့်ရှိသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်” ဖြစ်ပါသည်။ ထို “အပြင်စည်းကိုယ်ပိုင်ပြဋ္ဌာန်းခွင့်” (External Self-determination) ၏ အခြေခံအင်္ဂါရပ်များမှာ “အပြင်စည်းအချုပ်အခြာအာဏာ” နှင့် သဘောတရားချင်းတူပါသည်။ ယင်းတို့မှာ–

(၁) လွတ်လပ်ရေး (Independence)

(၂) အချုပ်အခြာအာဏာ (Sovereignty)

(၃) နိုင်ငံနယ်နိမိတ် (Territorial Intergrity) တို့ဖြစ်ပါသည်။

“အတွင်းစည်းကိုယ်ပိုင်ပြဋ္ဌာန်းခွင့်” (Internal Self-determination) သည် လူမျိုးပေါင်းစုံရောနှောနေထိုင်သောတိုင်းပြည်များတွင် ဖက်ဒရယ်စနစ်ဖြင့် ပြည်ထောင်စုကို ဖွဲ့စည်းထူထောင်သောအခါ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏အမည်ကို လူမျိုးအမည်ဖြင့် ဖွဲ့စည်းသည်ဖြစ်စေ၊ ပထဝီအမည်ဖြင့် ဖွဲ့စည်းသည်ဖြစ်စေ ထိုပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက တန်းတူရည်တူကျင့်သုံးပိုင်ခွင့်ရှိသော “ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်” ကို ဆိုလိုပါသည်။ “အတွင်းစည်းကိုယ်ပိုင်ပြဋ္ဌာန်းခွင့်” (Internal Self-determination) ၏ အခြေခံအင်္ဂါရပ်များမှာ–

(၁) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံး၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသည်။

(၂) ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ကျင့်သုံးခွင့်ရှိသည်။

(၃) ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို စနစ်တကျ ကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးများ ထူထောင်ခွင့်ရှိသည်။

(၄) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်တရားသူကြီးများကို ပြည်နယ်သားများက လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ရှိသည်။

(၅) ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခွင့်ရှိသည်။

(၆) မြေနှင့် သဘာဝသယံဇာတများ၏မူရင်းပိုင်ရှင်သည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်း နေထိုင်ကြသော ပြည်သူပြည်သားများ ဖြစ်ကြသည်။

(၇) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များအတွင်း နေထိုင်ကြသော ပြည်သူတို့သည် အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များ ဖြစ်ကြသည်ဟူသော State-based Popular Sovereignty ကို လက်ခံကျင့်သုံးသည်။

မတ်စ်ထရစ်သဘောတူညီချက် (၁၉၉၂) အရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို "အတွင်းစည်းနှင့် အပြင်စည်း" ဟူ၍ ပိုင်းခြားသတ်မှတ်ထားသောကြောင့် ယခင်က 'ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' ရရှိရေးအတွက် တိုက်ပွဲဝင်နေကြသော တော်လှန်ရေးသမားများကို လွတ်လပ်ရေးတောင်းဆိုသည့် ခွဲထွက်ရေးသမားများ ဟု စွပ်စွဲ၍ မရတော့ပေ။ ထို့ကြောင့် စစ်အေးကာလအပြီးတွင် 'ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' တောင်းဆိုချက်ကြောင့် ဖြစ်ပွားနေသော ပြည်တွင်းစစ်များစွာကို ချုပ်ငြိမ်းစေနိုင်ခဲ့ပါသည်။ ဘာလင်တံတိုင်း ဖြိုလှဲပြီး၊ ဆိုဗီယက်ယူနီယံကြီး ပျက်သုဉ်းပြီးနောက် ပေါ်ပေါက်လာသော နိုင်ငံသစ်အများစုနှင့်တကွ ယခင်က တပြည်ထောင်စနစ်ကျင့်သုံးခဲ့သော နိုင်ငံပေါင်းများစွာတို့သည် ဖက်ဒရယ်စနစ်ဖြင့် ပြည်ထောင်စုနိုင်ငံသစ်များကို ထူထောင်ပြီး ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အာမခံချက်ပေးနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို အသီးသီး ရေးဆွဲပြဋ္ဌာန်းခဲ့ကြပါသည်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ကျင့်သုံးပိုင်ခွင့်ရှိသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို နှစ်မျိုးနှစ်စား ခွဲခြားထားနိုင်ပါသည်။ ယင်းတို့မှာ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ပြည်နယ်အလိုက် ကျင့်သုံးပိုင်ခွင့်ရှိသော နိုင်ငံရေးကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Political Self-determination) နှင့် ပြည်ထောင်စုဘွားတိုင်းရင်းသားလူမျိုးများက လူမျိုးအလိုက် စုပေါင်းကျင့်သုံးပိုင်ခွင့်ရှိသော လူမျိုးရေးဆိုင်ရာ "ယဉ်ကျေးမှုကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" (Cultural Self- determination) တို့ပင် ဖြစ်ပါသည်။

နိုင်ငံရေးကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ဖြစ်သည်။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံရေးအာဏာကြီး (၃) ရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို မိမိတို့ပြည်နယ်အတွင်း ကျင့်သုံးခွင့်ရှိကြပါသည်။ ထိုအာဏာ (၃) ရပ်ကို စနစ်တကျကျင့်သုံးနိုင်ရေးအတွက် ဥပဒေပြုရေးအာဏာကို ကျင့်သုံးရန် ပြည်နယ်

လွှတ်တော်၊ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးရန် ပြည်နယ်အစိုးရနှင့် တရားစီရင်ရေးအာဏာကို ကျင့်သုံးရန် ပြည်နယ်တရားရုံးတို့ကို မိမိတို့ပြည်နယ်အတွက် ဖွဲ့စည်းထူထောင်ခွင့် ရှိကြပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self-rule) နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination) တို့သည် သဘောတရားချင်း နီးစပ်ပါသော်လည်း ထပ်တူမကျပေ။ "ကိုယ်ပိုင်အုပ်ချုပ်ခွင့်" သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ ကျင့်သုံးခွင့်ဖြစ်သည်။ သို့ရာတွင် ထိုအာဏာကြီး (၃) ရပ် စီးဆင်းရာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့် မပါချေ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် ထိုအာဏာကြီး (၃) ရပ် ကျင့်သုံးခွင့်သာမက၊ ထိုအာဏာများ စီးဆင်းရာ "ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ" ရေးဆွဲပြဋ္ဌာန်းခွင့်ပါရှိသည်။ ထို့ကြောင့် ပင်လုံစာချုပ် အပိုဒ် (၅) တွင် "ကိုယ်ပိုင်အုပ်ချုပ်ခွင့်" သာမက "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" ကိုပါ နှစ်ခုစလုံး၌ အာမခံချက်ပေးထားခြင်းဖြစ်သည်။

ယဉ်ကျေးမှုဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် လူမျိုးတမျိုးက မိမိတို့လူမျိုး၏မွေးရာပါအခွင့်အရေးအဖြစ် စုပေါင်းပိုင်ဆိုင်ထားသော လူမျိုးရေးဆိုင်ရာအခွင့်အရေးများဖြစ်ကြသည့် ဘာသာ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုနှင့် ရိုးရာဓလေ့ထုံးတမ်းဥပဒေများအပါအဝင် လူမျိုးတမျိုး ရှင်သန်ရပ်တည်ရေးအတွက် မရှိမဖြစ်လိုအပ်သောလူမျိုးဖြစ်ခြင်းလက္ခဏာ (National Identity) တို့၏ ပင်မရေသောက်မြစ်ပင်ဖြစ်ပါသည်။ လူမျိုးဖြစ်ခြင်းလက္ခဏာ(National Identity) သည် ပြင်ပမှလာ၍ ဖန်တီးပြဋ္ဌာန်းပေး၍ မရ။ လူမျိုးတမျိုးက မိမိတို့လူမျိုး ဘဝရှင်သန်ရေးအတွက် ဖန်တီးရယူသောအရာဖြစ်ပါသည်။ ထိုကဲ့သို့ ဖန်တီးနိုင်ရေးအတွက် ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် တိုင်းရင်းသားလူမျိုးတိုင်းအတွက် မရှိမဖြစ် လိုအပ်သော မွေးရာပါအခွင့်အရေးပင် ဖြစ်သည်။ ထို့အပြင် ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို နိုင်ငံတနိုင်ငံနယ်နိမိတ်ဖြင့်သော်လည်းကောင်း၊ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တခု၏ နယ်နိမိတ်ဖြင့်သော်လည်းကောင်း ကန့်သတ်ချုပ်ချယ်၍ မရပေ။ ထိုလူမျိုးတို့တည်ရှိရာ ကမ္ဘာ့ပထဝီမြေအားလုံးအပေါ်တွင် ထိုလူမျိုးတို့က ကျင့်သုံးပိုင်ခွင့်ရှိသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးပင်ဖြစ်ပါသည်။

## (၃)

## အာဏာခွဲဝေကျင့်သုံးခြင်း

## (Division of Powers)

ဖက်ဒရယ်စနစ်တွင် ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းသည် "ကိုယ်ပိုင်အုပ်ချုပ်ခြင်း" (Self-rule) နှင့် "အတူတကွပူးပေါင်း၍အုပ်ချုပ်ခြင်း" (Shared-rule) ကဲ့သို့ အလွန်အရေးကြီးသော ဖက်ဒရယ်စနစ်၏ အင်္ဂါရပ်တခုဖြစ်သည်။ ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းသည် အချုပ်အခြာအာဏာ၏ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ ခွဲဝေကျင့်သုံးခြင်းဖြစ်ပါသည်။ ထို့အပြင် ပြည်ထောင်စုက ကျင့်သုံးမည့် "အပြင်စည်းအချုပ်အခြာအာဏာ" နှင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များက ကျင့်သုံးကြရမည့် "အတွင်းစည်းအချုပ်အခြာအာဏာ" တို့ကို သတ်မှတ်၍ လုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်များကို ကျင့်သုံးခြင်းလည်း ပါဝင်ပါသည်။ ဖက်ဒရယ်စနစ်တွင် ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း ကို အောက်ပါအတိုင်း သတ်မှတ်ကြပါသည်။ ယင်းတို့မှာ–

(၁) ပြည်ထောင်စုက ကျင့်သုံးပိုင်ခွင့်ရှိသောအာဏာများ

(၂) ပြည်နယ်များက ကျင့်သုံးပိုင်ခွင့်ရှိသောအာဏာများ

(၃) ပြည်ထောင်စုနှင့် ပြည်နယ်များ ပူးတွဲကျင့်သုံးရမည့်ထပ်တူပြုအာဏာများ

(၄) ကြွင်းကျန်သောအာဏာများ ဟူ၍ဖြစ်ပါသည်။

ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး (Bottom-up Fededralism) ချဉ်းကပ်မှုဖြင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရာတွင် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးရာတွင် အောက်ပါအခြေခံမှုများကို ထည့်သွင်း လိုက်နာရပေမည်။

### (က) အချုပ်အခြာအာဏာ (Sovereignty)

ဖက်ဒရယ်စနစ်တွင် အချုပ်အခြာအာဏာသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များအတွင်းရှိ ပြည်သူလူထုတရပ်လုံးထံမှဆင်းသက်သည်။ ထို့ကြောင့်

အချုပ်အခြာအာဏာသည် ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များတွင် တပြိုင်နက် တည်း တည်ရှိသည်။ ထိုအချုပ်အခြာအာဏာကို ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြား ခွဲဝေကျင့်သုံးရမည်။ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ခွဲဝေပိုင်ဆိုင်ခွင့်ရှိကြောင်းကို တိုင်းပြည်၏အမြင့်ဆုံးဥပဒေဖြစ်သည့် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအကျ ရေးဆွဲပြဋ္ဌာန်းထားရမည်။

## (ခ) စည်းလုံးညီညွတ်ခြင်း (Solidarity)

Bottom-up Federalism (ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်း ရေး) ချဉ်းကပ်မှုဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းကို ဆောင်ရွက်ရာတွင် စည်းလုံးညီညွတ်ခြင်း (Solidarity) ကို အခြေခံမှုတခုအဖြစ် ထည့်သွင်း ထားပါသည်။ အကြောင်းမှာ– ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံး ခြင်းကြောင့် ပြည်ထောင်စုက ၎င်း၏လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးပြီး လုပ်ချင်ရာလုပ်၍ မသင့်တော်ကြောင်းနှင့် ပြည်နယ်များကလည်း မိမိတို့၏လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံး ပြီး လုပ်ချင်ရာလုပ်၍ မသင့်တော်ကြောင်းကို ဤအခြေခံမှုက ဖော်ပြထားပါသည်။ တနည်း အားဖြင့်ဆိုပါက– Bottom-up Federalism ချဉ်းကပ်မှုဖြင့် တည်ဆောက်မည့်ဖက်ဒရယ် စနစ်သည် ပြည်ထောင်စုနှင့် ပြည်နယ်များအကြားတွင်သော်လည်းကောင်း၊ ပြည်နယ်အချင်း ချင်းကြားတွင်သော်လည်းကောင်း ယှဉ်ပြိုင်အနိုင်ယူခြင်းကို အားပေးသည့် "အားပြိုင်သည့် ဖက်ဒရယ်စနစ်" (Competative Federalism) မဟုတ်ဘဲ၊ အချင်းချင်း သွေးစည်းညီညွတ် စွာဖြင့် "ပူးပေါင်းဆောင်ရွက်သည့် ဖက်ဒရယ်စနစ်" (Cooperative Federalism) ဖြစ်ကြောင်း ကို ညွှန်းဆိုထားပါသည်။ သွေးစည်းညီညွတ်၍ ပူးဆောင်းဆောင်ရွက်သော ဖက်ဒရယ်စနစ် ဖြစ်သောကြောင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အားလုံး တန်းတူညီမျှရေးနှင့် မျှဝေခံစားစေ ရေး (Equalization) ကို အာဏာခွဲဝေကျင့်သုံးခြင်းနှင့်အတူ ဖော်ဆောင်ကျင့်သုံးရမည်ဖြစ် ပါသည်။

## (ဂ) လူထုနှင့်အနီးကပ်ဆုံးအစိုးရထံ အာဏာရှိခြင်း (Subsidiary Principles)

Bottom-up Federalism ချဉ်းကပ်မှုဖြင့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက် ရာတွင် Subsidiary Principles သည် မရှိမဖြစ် လိုအပ်သောအခြေခံမှုတခုဖြစ်သည်။ Subsidiary Principles သည် လူထုနှင့်အနီးကပ်ဆုံးအစိုးရထံ အာဏာရှိခြင်းဖြစ်သည်။

လူထုနှင့်အနီးကပ်ဆုံးအစိုးရက ဆောင်ရွက်နိုင်ခြင်းမရှိသည့်အခါတွင် ဖက်ဒရယ်စနစ်တွင် ပြည်ထောင်စုအစိုးရက ပါဝင်ဆောင်ရွက်၍ တပြည်ထောင်စုစနစ်တွင် ဗဟိုအစိုးရက ဝင်ရောက် ပါဝင်ဆောင်ရွက်ရမည်ဟူသော အယူအဆဖြစ်သည်။

ဖက်ဒရယ်စနစ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းကို လက်တွေ့ဆောင်ရွက်ရာတွင် Subsidiary Principles ကို တွဲဖက်ကျင့်သုံးခြင်းဖြင့် များစွာထိရောက်ပြီး အကျိုးသက်ရောက်မှုလည်း ကြီးမားလှပါသည်။ အာဏာခွဲဝေကျင့်သုံးခြင်း ပုံမှန်အားဖြင့် ဆောင်ရွက်ရာတွင် ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာ၊ ထပ်တူပြုအာဏာနှင့် ကြွင်းကျန်အာဏာများဟု သတ်မှတ်ထားပါသည်။ ယင်းတို့ကို လက်တွေ့ကျင့်သုံးသောအခါ ပြည်ထောင်စုအာဏာအညွှန်းတွင် ဖော်ပြထားသော်လည်း လက်တွေ့တွင် ပြည်ထောင်စုက အပြည့်အစုံအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိသောကိစ္စရပ်များ၊ ပြည်နယ်အာဏာအညွှန်းတွင်ဖော်ပြထားသော်လည်း ပြည်နယ်များက လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိသောကိစ္စရပ်များ ပေါ်ပေါက်လာတတ်ပါသည်။ ထိုအခါမျိုးတွင် လုပ်ပိုင်ခွင့်အာဏာလေဟာနယ် ပေါ်ပေါက်ပြီး လူထုနစ်နာနိုင်ပါသည်။

Subsidiary Principles အရ လူထုနှင့် အနီးကပ်ဆုံးအစိုးရများက ဆောင်ရွက်နိုင်ခြင်း မရှိသောအခါ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ အချင်းချင်း အပြန်အလှန်ပံ့ပိုးကူညီနိုင်ကြပါသည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ လုပ်ပိုင်ခွင့်အာဏာအညွှန်းတွင်ပါရှိသော်လည်း ပြည်နယ်အစိုးရက မဆောင်ရွက်နိုင်သောကိစ္စရပ်များကို ပြည်ထောင်စုအစိုးရက ပံ့ပိုးကူညီခြင်း၊ ပြည်ထောင်စုအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာတွင် ပါရှိသော်လည်း ပြည်ထောင်စုက အခြေ အနေအမျိုးမျိုးကြောင့် လက်လှမ်းမီအောင် ဆောင်ရွက်နိုင်ခြင်း မရှိသောကိစ္စရပ်များကို ပြည်နယ်အစိုးရများက ပံ့ပိုးကူညီခြင်းဖြင့် ဆောင်ရွက်ပေးနိုင်ပါသည်။ Subsidiary Principles ကျင့်သုံးခြင်းဖြင့် ပြည်ထောင်စုနှင့်ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းနှင့် တွဲဖက်၍ လုပ်ပိုင်ခွင့်နှင့် တာဝန်များ (Division of Competency) ခွဲဝေခြင်းကိုလည်း ဆောင်ရွက်နိုင်ပါသည်။

### (ဃ) အချိုးကျလုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးခြင်း (Proportionality)

Bottom-up Federalism ချဉ်းကပ်မှုဖြင့် ပြည်ထောင်စုနှင့်ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းကို ဆောင်ရွက်ရာတွင် "အချိုးကျလုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးခြင်း" (Proportionality) သည် အရေးကြီးသောအခြေခံမူတခုဖြစ်ပါသည်။

ယင်းသည် မိမိတို့အနာဂတ်တွင် တည်ဆောက်မည့် ဖက်ဒရယ်စနစ်နှင့်လည်း တိုက်ရိုက်ပတ်သက်နေပါသည်။ ဖက်ဒရယ်စနစ်ဖြင့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် ရွေးချယ်

ရန် နည်းလမ်း (၂) ခု ရှိပါသည်။ ယင်းတို့မှာ–

(၁) အချိုးတူဖက်ဒရယ်စနစ် (Symmetry Federalism)

(၂) အချိုးမတူဖက်ဒရယ်စနစ် (Asymmetry Federalism) တို့ဖြစ်ပါသည်။

အချိုးတူဖက်ဒရယ်စနစ် (Symmetry Federalism) သည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အားလုံးကို နိုင်ငံရေးအာဏာ တန်းတူရည်တူအပ်နှင်းပြီး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသောပြည်နယ်များဖြင့် ပြည်ထောင်စုကို တည်ဆောက်ခြင်းဖြစ်သည်။ အချိုးမတူ ဖက်ဒရယ်စနစ် (Asymmetry Federalism) သည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအနက် တချို့ပြည်နယ်များကို အာဏာပိုမိုအပ်နှင်းပြီး တချို့ပြည်နယ်များကို အာဏာလျှော့ပေးသောပြည်ထောင်စုစနစ်ဖြစ်သည်။ ထို့အပြင် တချို့ပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝပေးပြီး၊ တချို့ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ငြင်းပယ်သည်။ ယင်းသည် ပြည်ထောင်စုစနစ်နှင့် တပြည်ထောင်စနစ် ရောစပ်ထားသော အတုအယောင်ပြည်ထောင်စုစနစ်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်အရင်းခံပြဿနာသည် ပင်လုံစာချုပ်အရ အချိုးတူဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ထူထောင်ရန် သဘောတူခဲ့ကြသော်လည်း၊ လက်တွေ့တွင် ၁၉၄၇ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အချိုးမတူဖက်ဒရယ်စနစ်ဖြစ်သွားခဲ့ခြင်းဖြင့် အစတည်ပါသည်။ ပြည်မကို ပြည်ထောင်စုအာဏာတခုလုံး အပ်နှင်းပြီး ပြည်နယ်များကို နိုင်ငံရေးအာဏာ တန်းတူရည်တူ မပေးခဲ့ချေ။ အချိုးတူဖက်ဒရယ်စနစ်တွင် ဖက်ဒရယ်အထက်လွှတ်တော်၌ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ဦးရေတူညီသောကိုယ်စားလှယ်များကို စေလွှတ်ကြရမည်ဖြစ်ပါသည်။ သို့ရာတွင် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်အရ လူဦးရေပိုများသောပြည်နယ်နှင့် တိုင်းတို့က လူမျိုးစုလွှတ်တော်ဟုခေါ်ဆိုသော အထက်လွှတ်တော်တွင် ကိုယ်စားလှယ်ဦးရေ ပိုမိုများပြားစွာ စေလွှတ်ပြီး၊ လူဦးရေနည်းပါးသည့် ပြည်နှင့်တိုင်းတို့က အနည်းငယ်စီသာ စေလွှတ်ခဲ့ကြသည်။ ယင်းသည် ဖက်ဒရယ်စနစ်မှ သွေဖည်၍ အချိုးတူဖက်ဒရယ်စနစ်ကို ချိုးဖောက်ခြင်းလည်းဖြစ်သည်။

အချိုးမတူဖက်ဒရယ်စနစ်ကို ကျင့်သုံးသော အိန္ဒိယနိုင်ငံတွင်လည်း ပြည်နယ်များတန်းတူရေးကိုငြင်းပယ်၍ အထက်လွှတ်တော်တွင် လူဦးရေများသည့် ပြည်နယ်ကြီးများက လွှတ်တော်ကိုယ်စားလှယ်ဦးရေ ပိုမို၍စေလွှတ်ပြီး၊ လူဦးရေနည်းပါးသည် ပြည်နယ်ငယ်များက လွှတ်တော်ကိုယ်စားလှယ်ဦးရေ အနည်းငယ်သာ စေလွှတ်ခွင့်ရသည်။ ထို့ပြင် ပြည်နယ်အားလုံးနီးပါး၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ငြင်းပယ်၍ ကက်ရှမီးယားပြည်နယ်တခုသာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပေး ၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ပေးခဲ့သည်။ ယခုအခါတွင် ယင်းအခွင့် အရေးကိုပါ ရုပ်သိမ်းခြင်းခံရပါသည်။

ထို့အပြင် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ အမည်နာမများကိုလည်း အချိုးတူ ဖက်ဒရယ်စနစ်အရ တူညီသောအမည်နာမများဖြင့် မှည့်ခေါ်ခြင်း မပြုဘဲ၊ အချိုးတူဖက်ဒရယ်စနစ်မှ သွေဖည်၍ ပြည်နယ်နှင့် တိုင်းဟု ခွဲခြားမှည့်ခေါ်ကာ အချိုးမတူဖက်ဒရယ်စနစ် (Assymmertry Federalism) ကို ကျင့်သုံးခဲ့သည်။ အချိုးတူဖက်ဒရယ်စနစ်တွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို လူမျိုးအမည်ဖြင့် ဖွဲ့စည်း သည်ဖြစ်စေ၊ ပထဝီအမည်ဖြင့် ဖွဲ့စည်းသည်ဖြစ်စေ၊ အမည်နာမအခေါ်အဝေါ် တူညီရပေမည်။ ပြည်ထောင်စုအဖွဲ့ဝင်များ၏အမည်ကို "ပြည်နယ်" ဟုခေါ်ပါက အားလုံးကို "ပြည်နယ်" ဟု ခေါ်ဆိုရမည်။ "တိုင်း" ဟု ခေါ်ဆိုပါက အားလုံးကို "တိုင်း" ဟု ခေါ်ဆိုရမည်။ ယင်းသည် အချိုးတူဖက်ဒရယ်စနစ်၏ ကျင့်စဉ်ဖြစ်ပါသည်။

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေသည် "အချိုးတူဖက်ဒရယ်စနစ်" မှသွေဖည်၍ ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တဘက်တွေ ရုပ်သိမ်းပြီး၊ အခြားတဖက်တွင် ပြည်မကို ပြည်ထောင်စုအာဏာတခုလုံး အပ်နှင်းထားပါသည်။ ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ရုပ်သိမ်းခဲ့သောကြောင့် ချင်း၊ ကချင်နှင့် ရှမ်းတို့သည် ကိုလိုနီခေတ်က ပိုင်ဆိုင်ထားသော "ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ" များ လက်လွှတ်ဆုံးရှုံးခဲ့ကြရသည်။ ထိုနစ်နာဆုံးရှုံးမှုကြောင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပြန်လည်ရရှိရေးအတွက် နှစ်ပေါင်း (၇၅) နှစ်ကျော် လက်နက်ကိုင်တိုက်ပွဲဆင်နွှဲနေကြခြင်း ဖြစ်ပါသည်။

ယခုအခါ ဖက်ဒရယ်ပြည်ထောင်စုကို "ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" အခွင့်အရေးများ အပြည့်အဝအာမခံချက်ရှိသော အချိုးတူဖက်ဒရယ်စနစ်ဖြင့် ပြန်လည်ထူထောင်ရန် ခိုင်မာသောသန္နိဋ္ဌာန်ချထားကြပြီးဖြစ်ပါသည်။ နွေဦးတော်လှန်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သော "ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ" (CRPH) က ၂၀၂၁ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ထုတ်ပြန်ပြီး၊ ပထမအကြိမ် "ပြည်သူ့ညီလာခံ" က ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၂၇-၂၉) ရက်များတွင် ထပ်မံအတည်ပြုခဲ့သော "ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်" (အစိတ်အပိုင်း - ၁) တွင် "ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အားလုံး (ဖက်ဒရယ်ယူနစ်အားလုံး) တို့သည် နိုင်ငံရေးအရ တန်းတူသည်" ဟု အတိအလင်းပြဋ္ဌာန်းထားပါသည်။ ယင်းသည် "အချိုးတူဖက်ဒရယ်စနစ်" (Symmertary Federalism) ကို ရှင်းရှင်းလင်းလင်းရွေးချယ်ခြင်းဖြစ်သည်။

Bottom-up Federalism ချဉ်းကပ်မှုဖြင့် ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းကို ဆောင်ရွက်ရာတွင် နိုင်ငံရေးအာဏာ (ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး) များ ခွဲဝေကျင့်သုံးရာတွင် အချိုးတူ (Symmertary System) စနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်သော်လည်း၊ နိုင်ငံရေးအာဏာ

မဟုတ်သော သယံဇာတခွဲဝေမှု (Revenue Sharing) နှင့် ဖက်ဒရယ်ဘဏ္ဍာရေးစနစ် (Fiscal Federalism) တို့ကို ကျင့်သုံးရာတွင်မူ အချိုးတူ မဟုတ်ဘဲ၊ **အချိုးကျ** (Proportional System) ကို ကျင့်သုံး၍ ဖော်ဆောင်ရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ သယံဇာတခွဲဝေမှုနှင့် ဘဏ္ဍာခွဲဝေမှု (Revenue and Fiscal Sharing) ကို အချိုးကျ (Proportionally) ဆောင်ရွက်ခြင်းဖြင့် ပြည်နယ်အကြီးအသေး၊ လူဦးရေအနည်းအများကြောင့် လုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်များသာမက၊ မျှဝေခြင်းနှင့် အကျိုးခံစားခွင့်များတွင်လည်း သာတူညီမျှရှိနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး (Bottom-up Federalism) ချဉ်းကပ်မှုဖြင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ် ကို ဆောင်ရွက်ရာတွင် အချိုးတူဖက်ဒရယ်စနစ် (Symmertary Federalism) နှင့် အချိုးကျဖက်ဒရယ်စနစ် (Proportionality) ကို စနစ်တကျ ခွဲခြားကျင့်သုံး ရန် လိုအပ်ကြောင်း တင်ပြအပ်ပါသည်။

## နိဂုံးချုပ်

ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး (Bottom-up Federalism) ချဉ်းကပ်မှုဖြင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ဖက်ဒရယ်စနစ်၏အင်္ဂါရပ်တခုဖြစ်သော "ကိုယ်ပိုင်အုပ်ချုပ်ခွင့်" (Self-rule) နှင့် "အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း" (Shared-rule) ဘောင်အတွင်း အကောင်အထည်ဖော်ကျင့်သုံးရမည်ဖြစ်ကြောင်း အထက်တွင် ဆွေးနွေးတင်ပြခဲ့ပါသည်။ ပြည်နယ်အားကောင်းရေးကို "ကိုယ်ပိုင်အုပ်ချုပ်ခြင်း" ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ပြည်ထောင်စု အားကောင်းရေးကို "အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း" ဖြင့် အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ ပြည်နယ်အားကောင်းရေးနှင့် ပြည်ထောင်စုအားကောင်းရေး နှစ်ခုအကြားတွင်သော်လည်းကောင်း၊ "ကိုယ်ပိုင်အုပ်ချုပ်ခြင်း" နှင့် "အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း" အကြားတွင်သော်လည်းကောင်း ချိန်ခွင်လျှာညီပြီး၊ နှစ်ဖက်စလုံးဟန်ချက်ညီဖော်ဆောင်နိုင်မှသာ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်း စဉ်လည်း အောင်မြင်နိုင်မည်ဖြစ်ပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း ဟူသော ဖက်ဒရယ်အင်္ဂါရပ်၏ မူဘောင်အတွင်း Bottom-up Federalism ချဉ်းကပ်မှုဖြင့် ပြည်ထောင်စု တည်ဆောက်ရေးကို ဆောင်ရွက်ရာတွင် အခြေခံရမည့် အခြေခံမူ (၃) ခုကို အထက်တွင် ဆွေးနွေးခဲ့ပါသည်။ ထိုအခြေခံမူ (၃) ခုအနက် ပထမအခြေခံမူဖြစ်သော "အချုပ်အခြာအာဏာကျင့်သုံးခြင်းဆိုင်ရာ ကိစ္စရပ်များ" ကို Bottom-up Federalism ချဉ်းကပ်မှုဖြင့် အကောင်အထည်ဖော်

ရာတွင် မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆို၍ မည်ကဲ့သို့ကျင့်သုံးသင့်ကြောင်း ဖော်ပြခဲ့ပါသည်။ Bottom-up Federalism ချဉ်းကပ်မှုဖြင့် "အချုပ်အခြာအာဏာ" အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တပြည်ထောင်စနစ်ကိုကျင့်သုံးသော "အမျိုးသားနိုင်ငံ" များတွင် အဓိပ္ပာယ်ဖွင့်ဆိုသကဲ့သို့ "အချုပ်အခြာအာဏာသည် နိုင်ငံသားတို့ထံမှ ဆင်းသက်၍ နိုင်ငံတော်၌ တည်သည်" ဆိုသော အဓိပ္ပာယ်ဖွင့်ဆိုချက်သည် မလုံလောက်တော့ပေ။ အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များ ဖြစ်ကြသော နိုင်ငံသားများ၏ မူရင်းတည်နေရာဖြစ်သည့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ် များ၏အခန်းကဏ္ဍကို အလေးထား၍ ဖော်ပြပါသည်။ ထို့ကြောင့် အချုပ်အခြာအာဏာသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များအတွင်း နေထိုင်ကြသောပြည်သူလူထု ထံမှဆင်းသက်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ထို့ပြင် အချုပ်အခြာအာဏာဆိုသည်မှာ လူသားများ နားမလည်နိုင်သော ပဟေဠိ ပုစ္ဆာ မဟုတ်။ လူသားတိုင်း၏ နေ့စဉ်ဘဝတွင် ကြုံတွေ့ရင်ဆိုင်ကျင့်သုံးသော အာဏာသုံးရပ် ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများသာဖြစ်ပြီး ယင်းကို ဖက် ဒရယ်စနစ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ခွဲဝေကျင့်သုံးရမည်ဖြစ်ကြောင်း ရှင်းလင်းခဲ့ပါသည်။ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အချုပ်အခြာအာဏာ၏ခက်မ သုံးဖြာကိုခွဲဝေကျင့်သုံးရာတွင် ပြည်ထောင်စုကကျင့်သုံးရမည့် အချုပ်အခြာအာဏာကို "အပြင် စည်းအချုပ်အခြာအာဏာ" (External Sovereignty) ဟူ၍လည်းကောင်း၊ ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များက ကျင့်သုံးပိုင်ခွင့်ရှိသော အချုပ်အခြာအာဏာကို "အတွင်းစည်းအချုပ် အခြာအာဏာ" (Internal Sovereignty) ဟူ၍လည်းကောင်း ခွဲခြား၍ လေ့လာသုံးသပ် ပါသည်။

ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး (Bottom-up Federalism) ချဉ်းကပ်မှုဖြင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၏ ဒုတိယအခြေခံ မှုဖြစ်သည့် "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" ဖြစ်သည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် "လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သောနိုင်ငံများ ထူထောင်ခွင့်ရှိခြင်း" ဟူသော ရှေးရိုးစွဲ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြင့် မလုံလောက်တော့ပေ။ ဖက်ဒရယ်စနစ်ကို ကျင့်သုံးသောပြည်ထောင်စု နိုင်ငံများတွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ကျင့်သုံးပိုင်ခွင့်ရှိသော "အတွင်းစည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" (Internal Self-determination) နှင့် ပြည်ထောင်စုက ကျင့်သုံးပိုင် ခွင့်ရှိသော "အပြင်စည်းကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" (External Self-determination) ဟူ၍ ခွဲခြမ်းစိတ်ဖြာ ကျင့်သုံးနိုင်ကြောင်း ဖော်ပြထားပါသည်။

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ကျင့်သုံးပိုင်ခွင့်ရှိသော "အတွင်းစည်းကိုယ်ပိုင် ပြဋ္ဌာန်းခွင့်" သည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ

ရေးဆွဲပြဌာန်းခွင့်၊ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပြဌာန်းချက်နှင့်အညီ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ကျင့်သုံးခွင့်၊ ထိုအာဏာများကို စနစ်တကျ ကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးချုပ်များ ထူထောင်ခွင့်ရှိခြင်းတို့ ပါဝင်ပါသည်။ ပြည်ထောင်စုက ကျင့်သုံးပိုင်ခွင့်ရှိသော "အပြင်စည်းကိုယ်ပိုင်ပြဌာန်းခွင့်" နှင့် "အပြင်စည်းအချုပ်အခြာအာဏာ" တို့သည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော နိုင်ငံများက ကျင့်သုံးပိုင်ခွင့်ရှိသောအာဏာများဖြစ်၍ နိုင်ငံတနိုင်ငံ၏ လွတ်လပ်ရေး (Indenpence)၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု (Sovereign Power) နှင့် နိုင်ငံနယ်နိမိတ် (Territorial Intergrity) တို့ရှိခြင်းဖြင့် တိုင်းတာရပါသည်။

ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး (Bottom-up Federalism) ချဉ်းကပ်မှုဖြင့် ပြည်ထောင်စုတည်ဆောက်ရေး၏ တတိယအခြေခံမှုဖြစ်သော "ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း" ဖော်ဆောင်ရာတွင်–

(၁) အချုပ်အခြာအာဏာကို လေးစားခြင်း (Sovereignty)

(၂) စည်းလုံးညီညွတ်ရေးကို အလေးထားခြင်း (Solidarity)

(၃) လူထုနှင့် ပိုမိုနီးကပ်စေခြင်း (Subsidiary Principles)

(၄) အချိုးကျလုပ်ပိုင်ခွင့်အာဏာခွဲဝေခြင်း (Proportionality) တို့ လိုအပ်ကြောင်းကို တင်ပြထားပါသည်။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ– ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး (Bottom-up Federalism) ချဉ်းကပ်မှု ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ဖော်ဆောင်ရာတွင် "ကိုယ်ပိုင်အုပ်ချုပ်မှု" (Self-rule) နှင့် "အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း" (Shared-rule) တို့ကို ချိန်ခွင်လျှာညှိ၍ ဟန်ချက်ညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း ထပ်လောင်း၍ ဖော်ပြလိုပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self-rule) ကိုသာ ဦးစားပေးဖော်ထုတ်၍ "အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း" (Shared-rule) ကို ဥပေက္ခာပြုပါက ဖက်ဒရယ်စနစ်မှ ကွန်ဖီဒီရေးရှင်းစနစ်သို့ သွေဖည်သွားနိုင်ပါသည်။ ထိုနည်းတူ "အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း" (Shared-rule) ကိုသာ ဦးစားပေးဖော်ဆောင်ပြီး "ကိုယ်ပိုင်အုပ်ချုပ်ခြင်း" (Self-rule) ကို ဥပေက္ခာပြုပါက "ဗဟိုဦးစီးစနစ် ကြီးစိုးသော တပြည်ထောင်စနစ်သို့ သွေဖည်ရောက်ရှိသွားနိုင်ပါသည်။

Bottom-up Federalism မှ Confederation သို့ သွေဖည်ခြင်းမရှိစေရန် သတိထားရမည့်အချက်မှာ ဖက်ဒရယ်စနစ် (Federalism) နှင့် ကွန်ဖီဒီရေးရှင်း (Confederation) တို့၏ မတူညီသော ကွာခြားချက်ကို နားလည်သတိထား ခြင်းပင်ဖြစ်သည်။

ယင်းကွာခြားချက်များအနက်–

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေ

- Confederation တွင် ပြည်ထောင်စုအဆင့်ဖွဲ့စည်းပုံအခြေခံဥပဒေမရှိ။ ပြည်နယ်များ၌သာ ရှိသည်။ အမေရိကန်တွင် ၁၇၇၈ ခုနှစ်၌ ရေးဆွဲပြဋ္ဌာန်းခဲ့သော Articles of Federation သည် တိုင်းပြည်တခု၏ ဖွဲ့စည်းပုံနှင့် အုပ်ချုပ်ပုံတို့ကို ဖော်ဆောင်သည့် ပုံမှန်ဖွဲ့စည်းပုံအခြေခံဥပဒေ မဟုတ်ပေ။ Articles of Federation တွင် လွှတ်တော် “Congress” ဖွဲ့စည်းမှုပုံစံကိုသာ ပြဋ္ဌာန်းထားပါသည်။ ထို Congress တွင် ပြည်နယ်တခုစီမှ တရားဝင်ကိုယ်စားလှယ် အနည်းဆုံး (၂) ဦးမှ အများဆုံး (၇) ဦးအထိစေလွှတ်ခွင့်ရှိပြီး၊ ပြည်နယ်ကိုယ်စား မဲတမဲသာ ပေးပိုင်ခွင့်ရှိပါသည်။ Articles of Confederation တွင် ပုံမှန်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သီးခြားအခန်းတခုဖြင့် ဖော်ပြလေ့ရှိသော အစိုးရဖွဲ့စည်းမှုပုံသဏ္ဌာန် (Form of Government) မရှိပါ။ ထို့ကြောင့် ကွန်ဂရက်သည် လွှတ်တော်အလုပ်နှင့် အစိုးရအဖွဲ့ အလုပ်နှစ်ခုကို ပေါင်းလုပ်သည်ဟုဆိုနိုင်သော်လည်း ထိရောက်မှု မရှိပါ။ (ကွန်ဂရက်က လွှတ်တော်အလုပ်နှင့် အစိုးရအဖွဲ့အလုပ်ပေါင်းလုပ်သည့်ပုံစံသည် ပါလီမန်စနစ်နှင့်လည်းမတူပါ။) နိုင်ငံခြားသံတမန်ဆက်ဆံရေးကိုမူ Congress ကခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအဆင့်ကဆောင်ရွက်သည်။ ပြည်နယ်များက နိုင်ငံခြားသံတမန်ဆက်ဆံရေးထူထောင်ခွင့်မရှိပါ။ ထို့အပြင် ငွေစက္ကူနှင့်ငွေဒင်္ဂါးများ သွန်းလောင်းထုတ်လုပ်ခွင့်ကို ပြည်ထောင်စု၏လုပ်ပိုင်ခွင့်တာဝန်အဖြစ် သတ်မှတ်သည်။
- Federalism ၌ ပြည်ထောင်စုအဆင့်တွင် ပြည်ထောင်စုဖွဲ့စည်းပုံ (Form of States) နှင့် အုပ်ချုပ်ပုံ (Form of Government) တို့ကို ဖော်ပြသည့် ပြည်ထောင်စုအဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေသာမက ပြည်နယ်အသီးသီး၏ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများရှိကြသည်။

(၂) ပြည်ထောင်စုတပ်မတော်

- Confederation တွင် ပြည်ထောင်စုအဆင့်၌ အမြဲတမ်းတပ်မတော် မရှိ။ ပြည်နယ်အသီးသီးတွင် အမြဲတမ်းတပ်မတော်ရှိသည်။ အရေးပေါ်ကာလနှင့် စစ်မက်ဖြစ်ပွားသောကာလများတွင် ပြည်နယ်အသီးသီး၏တပ်မတော်များကို စုစည်း၍ ပြည်ထောင်စုကို ကာကွယ်သည်။ ထိုအခါမျိုးတွင် စစ်သေနပတိချုပ်ကို ပြည်နယ်အသီးသီးက သဘောတူရွေးချယ်ကြသည်။

- Federation တွင် ပြည်ထောင်စုအဆင့်၌ ဖက်ဒရယ်တပ်မတော် (Federal Army) ရှိသည်။

(၃) အခွန်ကောက်ခံခွင့်

- Confederation တွင် ပြည်ထောင်စုက ပြည်နယ်များတွင် တိုက်ရိုက် အခွန်ကောက်ခံပိုင်ခွင့် မရှိ။ ဘဏ္ဍာငွေ ရှာဖွေစုဆောင်းပိုင်ခွင့်လည်း မရှိ။ ပြည်နယ်များကသာ အခွန်ကောက်ခံပိုင်ခွင့်နှင့် ဘဏ္ဍာငွေ ရှာဖွေခွင့် အခွင့်အာဏာများရှိကြပြီး ပြည်နယ်များ ၏ ထည့်ဝင်ငွေဖြင့် ပြည်ထောင်စု ရပ်တည်သည်။
- Federation တွင် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေ ကျင့်သုံးခြင်းမူအရ အခွန်ကောက်ခံခွင့်နှင့် ဘဏ္ဍာငွေ သုံးစွဲခွင့်တို့ကို ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်၊ အဆင့် (၂) ဆင့်စလုံးတွင် ဆောင်ရွက် နိုင်သည်။

Bottom-up Federalism ချဉ်းကပ်မှုဖြင့် ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စု အားကောင်းရေးကို ဆောင်ရွက်ရာတွင် "အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း" (Shared-rule) ကို ဦးစားပေးမှု လွန်ကဲ၍ ဗဟိုဦးစီးစနစ်သို့ သွေဖည်ရောက်ရှိခြင်း မဖြစ်ပေါ်စေရန် အထူး သတိထားရပေမည်။ မြန်မာနိုင်ငံတွင် ပြည်ထောင်စုဟူသော အမည်နာမကို သုံးစွဲ၍ တပြည် ထောင်စနစ်သို့ အကြိမ်ကြိမ် သွေဖည်သွားခဲ့ပါသည်။ ၁၉၄၇၊ ၁၉၇၄ နှင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေများသည် "ကိုယ်ပိုင်အုပ်ချုပ်ခွင့်" ကို ဥပေက္ခာပြုကာ ဖက်ဒရယ်စနစ်မှ တပြည် ထောင်စနစ်သို့ သွေဖည်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေများ ဖြစ်ကြပါသည်။ ထို့ကြောင့် တပါတီအာဏာရှင်စနစ်နှင့် စစ်အာဏာရှင်စနစ်အောက်တွင် တင်းကြပ်သော "ဗဟိုဦးစီးစနစ်" များကိုသာ ကျင့်သုံးခဲ့ကြပါသည်။

နွေဦးတော်လှန်ရေးကာလတွင် တိုင်းရင်းသားပြည်သူတရပ်လုံးက "ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" အခွင့်အရေးများ အပြည့်အဝအာမခံချက်ပေး နိုင်သည့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးကို ခိုင်မာစွာ သန္နိဋ္ဌာန်ချပြီး တိုက်ပွဲဝင်နေကြပါသည်။ စစ်အာဏာရှင်စနစ်အပါအဝင် မည်သည့်အာဏာရှင် စနစ်ကိုမျှ ရှင်သန်ခွင့်မပေးဘဲ အမြစ်ပြတ်ချေမှုန်းရေးတိုက်ပွဲနှင့်အတူ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်တွင်လည်း "ကိုယ်ပိုင်အုပ်ချုပ်ခွင့်" (Self-rule) နှင့် "အတူတကွပူးပေါင်းအုပ်ချုပ်ခွင့်" (Shared-rule) တို့ကို ဟန်ချက်ညီညီဖော်ဆောင်ပြီး၊ ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး (Bottom-up Federalism) ချဉ်းကပ်မှုဖြင့် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

**ဆလိုင်းလျန်မှုန်း**

**မှတ်ချက်။** အာဏာခွဲဝေခြင်းကို ဖက်ဒရယ်ပညာပေးစာစဉ် အမှတ် (၆) တွင် အကျယ်တဝင့် ထပ်မံဖော်ပြပါမည်။)

Reference


1. Covenant Theory နှင့် Bottom-up Federalism အပါအဝင် ဖက်ဒရယ်တည်ဆောက်ရေးဖြစ်စဉ်နှင့်ပတ်သက်၍ လေ့လာဖတ်ရှုသည့်စာအုပ်များ
   - i. William J. Everett, *God's Federal Republic* (1988)
   - ii. Pauline Maier, *American Scripture: Making the Declaration of Indenpendence* (1997)
   - iii. Jon Meacham, *American Gospel: God, The Founding Fathers, and the Making of A Nation* (2006)
   - iv. John M. Barry, *The Creation of American Soul: Church, State, and the Birth of Liberty* (2012)
   - v. Jack N. Rakove, *Original Meaning: Politics and Ideas in the Making of Constitution* (1996)
   - vi. Daniel J. Elazar, *Exploring Federalism* (1987)
   - vii. Daniel J. Elazar, *Covenant and Constitutionalism: The Great Frontier and the Matrix of Federal Democracy* (1998)
   - viii. Ronald L. Watts, *Comparing Federal Systems* (2008)
2. Stephen Tierney, *The Federal Contract: A Constitutional Theory of Federalism* (2022), အထူးသဖြင့် အခန်း (၄) နှင့် (၅) တွင် Internal နှင့် External Sovereignty အကြောင်းကို ရေးသည်။
3. Arend Lijphart, *Consociational Democracy,* (1969) စာအုပ်တွင် အသေး စိတ် လေ့လာဖတ်ရှုနိုင်ပါသည်။
4. Hilaire Barnett, *Constitutional and Administrative Law,* (2024) အထူးသဖြင့် အခန်း (၆) တွင် Political and Legal Sovereignty အကြောင်းကို ရေးသည်။